# ရခိုင်ပြည်နယ် ရေချိုငါးလုပ်ငန်း ဥပဒေမူကြမ်း(တတိယ) အပေါ် ကျေးလက်လူထုသဘောထားကောက်ခံခြင်းဆိုင်ရာအစီရင်ခံစာ



ကျေးလက်လူထုသဘောထားကောက်ခံရေးအဖွဲ့
၂၀၁၄ - ဇွန်လ

# မာတိကာ

အနှစ်ချုပ်ဖွင့်ဆိုချက် ၄
ရည်ရွယ်ချက် ၄
ရခိုင်ပြည်နယ်ရေချိုငါးလုပ်ငန်းဥပဒေရေးဆွဲခြင်းလုပ်ငန်းစဉ်အဆင့်ဆင့် ၆
ရခိုင်ပြည်နယ်ရေချိုငါးလုပ်ငန်းဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်တွင်ရခိုင်ပြည်နယ်
ရေလုပ်ငန်းမိတ်ဖက်အဖွဲ့ကြီးမှရခိုင်ပြည်နယ်လွှတ်တော်ဥပဒေပြုရေးကော်မတီနှင့်ပူးပေါင်းဆောင်ရွက်လာပုံ ၇

အပိုင်း (၁) ၈
အစဉ်အလာအရငါးဖမ်းသောပုံစံများနှင့်ပြောင်းလဲလာသောပုံစံများ ၈
ဒေသအလိုက်သုံးစွဲသောပိုက်အမျိုးအစားများ ၉
ရေလုပ်သားများရင်ဆိုင်ကြုံတွေ့နေရသောအခက်အခဲများ ၉
ရေလုပ်သားများအကြားဖြစ်ပွားလေ့ရှိသောပဋိပက္ခများ ၁၀
ပိုက်အမျိုးအစားလိုက်ဖြစ်ပွားလေ့ရှိသောပြဿနာများ ၁၀
အခက်အခဲနှင့်ပဋိပက္ခများကိုဖြေရှင်းသည့်ပုံစံများ ၁၀
ပြောင်းလဲလာသောအကြောင်းတရားများကြောင့်ဖြစ်ပေါ်လာသောအကျိုးသက်ရောက်မှုများ ၁၁

အပိုင်း (၂) ၁၂
သွားရောက်လေ့လာခဲ့သောမြို့နယ်များ၏အခြေခံအချက်အလက်များ ၁၂
အမည်နှင့်အဓိပ္ပါယ်ဖော်ပြချက် ၁၃
အခွန်လွတ်ကိရိယာ ၁၃
အကြံပြုချက် (အခန်း၁) ၁၃

အခန်း(၁) ၁၅
ရည်ရွယ်ချက် ၁၅
ရည်ရွယ်ချက်များ (အခန်း၂) ၁၅

အခန်း(၃) ၁၆
အငှားဂရန်လိုင်စင်လျှောက်ထားခြင်းနှင့်ထုတ်ပေးခြင်း ၁၆
(၁) လုပ်ငန်းလိုင်စင်နှင့်ငါးဖမ်းကိရိယာလိုင်စင်ခွဲခြားခြင်းအခန်းကဏ္ဍ ၁၆
(၂)ကုန်ချောထုတ်လုပ်ခြင်းနှင့်ငါးရောင်းဝယ်ခြင်းလိုင်စင်ကိုမြို့နယ်မှ
ပြည်နယ်အဆင့်အထိအဆင့်ဆင့်တင်ပြရခြင်း ၁၆
(၃) ရေလုပ်သားတိုင်းရေလုပ်သားမှတ်ပုံတင်ရှိရန် ၁၇
(၄) ဘုံငါးဖမ်းကွက်အတွင်းအခွန်လွတ်ကိရိယာမှအပကိရိယာလိုင်စင်ကြေးပေးဆောင်ရခြင်း ၁၈
အကြံပြုချက် (အခန်း၃) ၁၉

FINAL

| | |
|---|---|
| အခန်း(၄) | 17 |
| အခွန်အခပေးဆောင်ခြင်း | 17 |
| အကြံပြုချက် (အခန်း၄) | 18 |
| အခန်း(၅) | 18 |
| ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏တာဝန်နှင့်ဆောင်ရွက်ခွင့်များ | 18 |
| အကြံပြုချက် (အခန်း၅) | 19 |
| ဆောင်ရွက်နိုင်ခွင့်များ | 19 |
| အခန်း(၆) | 19 |
| ရပ်ရွာအခြေပြုငါးလုပ်ငန်းစုပေါင်းစီမံခန့်ခွဲမှုစနစ်တည်ထောင်ခြင်းနှင့်လုပ်ငန်းများလုပ်ကိုင်ခြင်း | 19 |
| ရပ်ရွာအခြေပြုငါးလုပ်ငန်းစုပေါင်းစီမံခန့်ခွဲမှု | 19 |
| အကြံပြုချက် (အခန်း၆) | 20 |
| အကြံပြုချက် (အခန်း၇၊၈) တာဝန်နှင့်လုပ်ပိုင်ခွင့်များ | 20 |
| ငါးမဖမ်းရရာသီနှင့်နေရာများသတ်မှတ်ခြင်း | 21 |
| အခန်း(၁၀) | 22 |
| စစ်ဆေးခြင်းနှင့်အရေးယူခြင်း | 22 |
| စီမံခန့်ခွဲရေးနည်းလမ်းနှင့်ပြစ်မှုကြောင်းအရအရေးယူခြင်း | 22 |
| သိမ်းဆည်းငါးဖမ်းကိရိယာများကိုထုခွဲရောင်းချနိုင်ခွင့်ပြည်နယ်ဦးစီးထံတွင်ရှိခြင်း | 22 |
| ပြစ်ဒဏ်များအပေါ်အကြံပြုချက် | 22 |
| အခန်း(၁၁) | 23 |
| အယူခံဝင်ခြင်း | 23 |
| အဆင့်ဆင့်အယူခံလျှောက်ထားနိုင်ခြင်း | 23 |
| အခန်း (၉) | 23 |
| တားမြစ်ချက် | 23 |
| ဥပဒေဆိုင်ရာအကြံပြုချက်များ | 23 |
| အကြံပြုချက် | 23 |
| နောက်ဆက်တွဲ(၁) | 24 |
| သုတေသနနည်းစနစ် | 24 |
| နောက်ဆက်တွဲ(၂) | 25 |
| ကျေးလက်လူထုသဘောထားကောက်ခံရေးလုပ်ငန်းစဉ်၏နောက်ခံသမိုင်း | 25 |
| နောက်ဆက်တွဲ(၃) | 25 |
| လေ့လာခဲ့သောနေရာနှင့်ဦးတည်အုပ်စုများ | 25 |
| ကျေးရွာအဆင့်ပြုလုပ်ခဲ့သောဆွေးနွေးပွဲနှင့်တက်ရောက်ခဲ့သူများစာရင်း | 25 |
| နောက်ဆက်တွဲ(၄) | 27 |
| လေ့လာမှုပြုလုပ်သည့်ပုံစံ | 27 |


FINAL





# အနှစ်ချုပ်ဖွင့်ဆိုချက်

မြန်မာနိုင်ငံ၏ပြောင်းလဲလာသောအုပ်ချုပ်မှုပုံစံအရ ပြည်သူများအတွက် အကျိုးပြုနိုင်သည့်အသုံးဝင်သော ဥပဒေများအား အသစ်ထပ်မံရေးဆွဲနေသည့်အချိန်ကာလတွင် ရခိုင်ပြည်နယ်လွှတ်တော်၏ ဥပဒေပြုရေးအဖွဲ့မှလည်း ရခိုင်ပြည်နယ်ရှိ ရေလုပ်သားများအတွက် အမှန်တကယ်အသုံးဝင်သော ရေချိုငါးလုပ်ငန်းဥပဒေတစ်ရပ်ကို ရေးဆွဲရန်ကြိုးပမ်းခဲ့ကြသည်။ ထိုသို့ရေးဆွဲရာတွင် လွှတ်တော်အတွင်းမှ ဥပဒေပညာရှင်များ လွှတ်တော်ကိုယ်စားလှယ်များ၊ လူမှုအဖွဲ့အစည်းများ၊နိုင်ငံတကာပညာရှင်များနှင့် ပြင်ပမှဥပဒေနားလည်သောကျွမ်းကျင်ပညာရှင်များပါဝင်ရေးဆွဲခဲ့ကြသည်။ ထိုသို့ဥပဒေကြမ်းအားရေးဆွဲပြီးနောက်တွင် ပြည်သူများအနေဖြင့်လည်း ထိုဥပဒေရေးဆွဲမှုတွင် ပါဝင်အကြံပြုနိုင်ရန်အတွက် ကျေးလက်လူထုသဘောထားဆန္ဒကောက်ယူပွဲတစ်ရပ်ကို ကျင်းပပြုလုပ်ခဲ့သည်။

ကျေးလက်နေပြည်သူများ၏ဆန္ဒသဘောထားကောက်ယူရာတွင် ရေလုပ်သားများ၏လက်ရှိအသက်မွေးမှုပုံစံ၊ ကြုံတွေ့နေရသောအခက်အခဲများနှင့် ပဋိပက္ခများအားရင်ဆိုင်ဖြေရှင်းနေရသော ပုံစံများအပေါ်အခြေခံ၍ ယခုဥပဒေမူကြမ်းအပေါ်၄င်းတို့၏အမြင်နှင့် သဘောထားများကို အဓိကထားထုတ်ဖော်လေ့လာခဲ့ပါသည်။ သို့မှသာ ရခိုင်ပြည်နယ်၏ ရေချိုငါးလုပ်ငန်းဥပဒေသည် ရခိုင်ရေလုပ်သားတို့၏ဘဝကိုအမှန်တကယ် အကျိုးပြု၍လက်တွေ့အကောင်အထည်ဖော်နိုင်သောဥပဒေတစ်ရပ် ပေါ်ထွက်လာမည်ဟုယုံကြည်သောကြောင့်ဖြစ်သည်။

ထို့သို့ရေလုပ်သားများ၏သဘောဆန္ဒကိုကောက်ယူသည့်အပြင်ရခိုင်ပြည်နယ်မြို့နယ်များအလိုက် ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များပါဝင်သော မြို့နယ်အဆင့်ဆွေးနွေးပွဲများ လည်းကျင်းပ၍လည်း ဥပဒေကြမ်းကိုရှင်းလင်းပြောကြားကာ ၄င်းတို့၏ အမြင်နှင့် သဘောဆန္ဒများကို ကောက်ယူခဲ့ပါသည်။ ထိုသို့ကောက်ယူရာတွင်ပြည်သူများ အတွက် အလွယ်တကူနားလည်လွယ်ကူနိုင်စေရန် ရိုးရှင်းသောရုပ်ပုံကားချပ်များဖြင့် ငါးလုပ်ငန်းဥပဒေ (မူကြမ်း) ကိုရှင်းလင်းတင်ပြခဲ့ပါသည်။

ထိုသို့ကောက်ယူသည့်လုပ်ငန်းစဉ်ကိုရခိုင်ပြည်နယ်ရှိမြို့နယ်(၁၀)မြို့နယ်တွင်ပြုလုပ်ခဲ့ပြီး ကျေးရွာပေါင်း (၅၄) ရွာမှရေလုပ်သားများပါဝင်ဆွေးနွေးခဲ့ပါသည်။ သွားရောက်လေ့လာခဲ့သောမြို့နယ်များ၏ရေလုပ်ငန်းလုပ်ကိုင်မှုအခြေအနေသည် တစ်နေရာနှင့်တစ်နေရာ မတူညီဘဲကွဲပြားမှုများရှိကြသည့်အတွက် အမျိုးမျိုးသော ကွဲပြားသည့်အမြင်များကိုရရှိခဲ့ပါသည်။ ကမ်းနီးကမ်းဝေးငါးဖမ်းလုပ်ငန်းနှင့် မြစ်ချောင်းတွင်းငါးဖမ်း လုပ်ငန်းများကိုလုပ်ကိုင်လျှက်ရှိသော ကမ်းရိုးတန်းဒေသများ တစ်လျှောက်တွင် ဆွေးနွေးပွဲပေါင်း(၃၆)ခုကိုပြုလုပ်ခဲ့ပါသည်။

# ရည်ရွယ်ချက်

ရခိုင်ပြည်နယ်ရေချိုငါးလုပ်ငန်းဥပဒေမူကြမ်းအပေါ် ကျေးလက်လူထုသဘောထားကောက်ခံရေး၏ အဓိကရည်ရွယ်ချက်မှာ ရေလုပ်သားများအနေဖြင့် ၄င်းတို့ကိုယ်တိုင် ဥပဒေတစ်ရပ်အားပါဝင်ရေးဆွဲထားသည်ဟု သဘောပေါက်နားလည်စေရန်ဖြစ်သည်။ လက်တွေ့ဘဝတွင် ရေလုပ်သားများနေ့စဉ် လုပ်ကိုင်စားသောက်နေမှုပုံစံများ၊ လူမှုရေး၊ စားဝတ်နေရေးအခက်အခဲများ၊ ၄င်းတို့အသက်မွေးဝမ်းကြောင်းမှုအပေါ်အကျိုး သက်ရောက်၍ကြုံတွေ့နေရသောအခက်အခဲများကိုအခြေခံ၍ ၄င်းတို့၏သဘောထားများကိုကောက်ယူထားသည်။ သို့မှသာရေလုပ်သားများအနေဖြင့်လည်း ဥပဒေများကို ယခင်ထက် ပိုမိုနားလည်လက်လှမ်းမှီလာမည်ဖြစ်ပြီး ၄င်းတို့ကိုယ်တိုင်ပါဝင်ရေးဆွဲထားသောကြောင့် လိုက်နာဆောင်ရွက်မှုအပိုင်းတွင်လည်း ယခင်ကထက်ပိုမိုပါဝင်လာနိုင်ရန် ရည်ရွယ်၍ လေ့လာခဲ့ခြင်းဖြစ်သည်။ ယခုလေ့လာမှုအရ တွေ့ရှိလာသောအချက်အလက်များကို အခြေခံကာ ရေချိုငါးလုပ်ငန်း ဥပဒေတတိယမူကြမ်း၏ အားနည်းချက်၊ အားသာချက်များအားဖော်ထုတ်ခဲ့ပါသည်။ ထိုအချက်များကိုအခြေခံ၍ ရေလုပ်သားများအပေါ်အပြည့်အဝ ကာကွယ်ပေးနိုင်သည့်ဥပဒေ တစ်ရပ်ကိုထုတ်ပြန်ပေးနိုင်ရန်ဖြစ်သည်။ကျေးလက်လူထုသဘောထားကောက်ခံရေးလုပ်ငန်းစဉ်တွင်ပါဝင်ခဲ့သူများမှာ လွှတ်တော်အမတ်များ၊ ဥပဒေအကြံပေးများ၊ အရပ်ဘက်လူ့ အဖွဲ့အစည်းများ၊ ပညာရှင်များ ဖြစ်ကြသည်။

# သဘောထား ကောက်ခံသည့် လုပ်ငန်းစဉ်ဆောင်ရွက်ခဲ့သည့်နေရာများ










# ရခိုင်ပြည်နယ်ရေချိုငါးလုပ်ငန်းဥပဒေရေးဆွဲခြင်းလုပ်ငန်းစဉ်အဆင့်ဆင့်

- ၁၉၉၁ ရေလုပ်ငန်းဥပဒေကို လေ့လာခြင်း (၂၀၁၃၊ ဇူလိုင်)
- ရောဝတီ၊ တနင်္သာရီ ရေလုပ်ငန်းဥပဒေကို လေ့လာခြင်း (၂၀၁၃၊ ဩဂုတ်)
- ပထမအကြိမ်ဥပဒေ ရေးဆွဲရေးကော်မတီ အစည်းအဝေး (၂၀၁၃၊ စက်တင်ဘာ)
- ဒုတိယအကြိမ် ဥပဒေရေးဆွဲရေး ကော်မတီ (၂၀၁၃၊အောက်တိုဘာ)
- တတိယအကြိမ် ဥပဒေရေးဆွဲ ရေး ကော်မတီ (၂၀၁၃၊ ဒီဇင်ဘာ)


- လွှတ်တော်ဥပဒေပြုရေး ကော်မတီ အစည်းအဝေး (၂၀၁၃၊ ဒီဇင်ဘာ)
- လွှတ်တော်ဥပဒေပြုရေး ကော်မတီမှ ပထမအကြိမ်မူကြမ်း ထုတ်ပြန် (၂၀၁၄၊ ဇန်နဝါရီ)
- လွှတ်တော်ဥပဒေ ပြုရေးကော်မတီမှ ထိုင်း၊ ကမ္ဘောဒီးယားသို့ လေ့လာရေးသွားရောက် (၂၀၁၄၊ ဖေဖဝါရီ၊ မတ်)
- ဒေသတွင်း နိုင်ငံများ၏ ရေလုပ်ငန်းဥပဒေများနှင့် နှိုင်းယှဉ်လေ့လာခြင်းပြုလုပ် (၂၀၁၄၊ နိုဝင်ဘာ)

- ဒုတိယမူကြမ်းကို ထုတ်ပြန်
- ပထအကြိမ် ပြည်နယ်လွှတ်တော် အလုပ်ရုံ ဆွေးနွေးပွဲ (၂၀၁၄၊ ဧပြီ)
- အကြံပြုချက်များ ပေါင်းစပ်ပြီး တတိယမူကြမ်း ကိုထုတ်ပြန် (၂၀၁၄၊ မေ)
- ဒုတိယအကြိမ် ပြည်နယ်လွှတ်တော် အလုပ်ရုံ ဆွေးနွေးပွဲ (၂၀၁၄၊ မေ)
- ကျေးလက်လူထု သဘောထားကောက်ခံရေး ညှိနှိုင်းအစည်းအဝေး (၂၀၁၄၊ မေ)

- ကျေးလက်လူထုသဘောထား ကောက်ခံခြင်း (၂၀၁၄၊ ဇွန်)
- စတုတ္ထမူကြမ်းကို ထုတ်ပြန်ခြင်း (၂၀၁၄၊ ဇူလိုင်)
- နောက်ဆုံး မူကြမ်းကို ထုတ်ပြန်ခြင်း (၂၀၁၄၊ ဩဂုတ်)

## ရခိုင်ပြည်နယ်ရေချိုငါးလုပ်ငန်းဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်တွင် ရခိုင်ပြည်နယ် ရေလုပ်ငန်း မိတ်ဖက်အဖွဲ့ကြီးမှ ရခိုင်ပြည်နယ်လွှတ်တော် ဥပဒေပြုရေးကော်မတီနှင့် ပူးပေါင်းဆောင်ရွက်လာပုံ

၂၀၁၃ ဖွန်လ ၁ ရက်နေ့တွင် ပျိုးပင်အစီအစဉ်၊ ရခိုင်သဟာယအသင်းနှင့် ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနတို့ပူးပေါင်း၍ ရခိုင်ပြည်နယ်ငါးလုပ်ငန်း စီမံအုပ်ချုပ်မှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲတစ်ခုကိုကျင်းပခဲ့ပြီးရခိုင်ပြည်နယ်ငါးလုပ်ငန်းမိတ်ဖက်အဖွဲ့ကိုဖွဲ့စည်းခဲ့ပါသည်။အဆိုပါအဖွဲ့တွင်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန၊မြန်မာနိုင်ငံငါးလုပ်ငန်းရှင်များအသင်း(ရခိုင်ပြည်နယ်)၊တက်လမ်းစီမံကိန်းဝင်အဖွဲ့အစည်းများ၊ ရခိုင်သဟာယ အသင်း၊ Network Activities Group၊ ပုဂ္ဂလိကငါးလုပ်ငန်းရှင်များနှင့် ရေလုပ်သားများပါဝင်သည်။ ၎င်းအဖွဲ့မှ ရခိုင်ပြည်နယ်ငါးလုပ်ငန်း အခန်းကဏ္ဍမူဝါဒ (၉) ချက်ကို ချမှတ်ခဲ့ပါသည်။




၎င်းမူဝါဒ (၉) ချက်မှာ

(၁) ငါးလုပ်ငန်းဆိုင်ရာ ဥပဒေများ၊ မူဝါဒများတိုးတက်ကောင်းမွန်ရေး။

(၂) ငါးလုပ်ငန်းဆိုင်ရာ ဥပဒေများ၊ မူဝါဒများအပေါ် ပြည်သူလူထုမှ ပိုမို၍သိရှိကာ လေးစားလိုက်နာလိုစိတ်မြင့်မားလာရန်။

(၃) ငါးလုပ်ငန်းဆိုင်ရာ အခွန်ဘဏ္ဍာ ငွေကောက်ခံရာတွင် ပိုမို၍ ပွင့်လင်းမြင်သာမှုရှိစေရန်။

(၄) ငါးလုပ်ငန်းရေပြင်များ စီမံခန့်ခွဲရာတွင် ပြည်သူလူထုမှ ပိုမို၍ ပူးပေါင်းပါဝင်လာစေရန်။

(၅) ငါးလုပ်ငန်းဆိုင်ရာ ပဋိပက္ခများလျှော့ချရေး။

(၆) ဈေးကွက်ဆွဲဆောင်မှုမြင့်တင်ရေး။

(၇) သဘာဝအရင်းအမြစ်များ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၈) ငါးလုပ်ငန်းအစားထိုး အလုပ်အကိုင်ဖန်တီးရေး။

(၉) ငါးလုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်များကို မှန်ကန်တိကျစွာ ပြည်သူများအား ဖြန့်ဝေနိုင်ရန် တို့ဖြစ်ပါသည်။





၂၀၁၃၊ ဇူလိုင်၊ ၂၇ ရက်နေ့တွင် ရခိုင်ပြည်နယ် ငါးလုပ်ငန်းမိတ်ဖက်အဖွဲ့ကြီး၏ ဒုတိယအကြိမ်အလုပ်ရုံဆွေးနွေးပွဲအား ကျင်းပခဲ့ပြီး ၎င်းဆွေးနွေးပွဲမှ နောင်အခါတွင် ပြည်နယ်လွှတ်တော် ဥပဒေပြုရေးကော်မတီအား ရခိုင်ပြည်နယ်ရေချိုငါးလုပ်ငန်းဥပဒေရေးဆွဲရေးနှင့်ပတ်သက်၍ အထောက်အကူပြုနိုင်ရန် ပြည်နယ်ငါးလုပ်ငန်းဦးစီးမှူးကိုယ်တိုင် ဦးဆောင်သော ရခိုင်ပြည်နယ်ရေချိုငါးလုပ်ဥပဒေရေးဆွဲရေးကော်မတီကို ဖွဲ့စည်းခဲ့ပါသည်။ ၎င်းဥပဒေရေးဆွဲရေးကော်မတီတွင် အဖွဲ့ဝင် ၁၁ ဦးပါဝင်ပြီး ပြည်နယ်ငါးလုပ်ငန်း ဦးစီးမှူးမှ ဦးဆောင်ရေးဆွဲခဲ့သည်။

၂၀၁၃၊ ဒီဇင်ဘာလတွင် ပြည်နယ်လွှတ်တော်ဥပဒေပြုရေးကော်မတီမှ ပြည်နယ်ရေချိုငါးလုပ်ငန်းဥပဒေရေးဆွဲရေးနှင့် ပတ်သက်၍ ပထမအကြိမ်အစည်းအဝေးကို စတင်ကျင်းပခဲ့ပြီး မိတ်ဖက်အဖွဲ့၏ ဥပဒေရေးဆွဲရေးကော်မတီမှ ပူးပေါင်းပါဝင်ခဲ့ပါသည်။

၂၀၁၃၊ ဇန်နဝါရီလတွင် ပြည်နယ်လွှတ်တော် ဥပဒေပြုရေးကော်မတီမှ ရေချိုငါးလုပ်ငန်းဥပဒေ ပထမမူကြမ်းကို ထုတ်ပြန်ခဲ့ပါသည်။

၂၀၁၄၊ ဖေဖော်ဝါရီ၊ မတ်လ တို့တွင် လွှတ်တော်ဥပဒေပြုကော်မတီမှ ထိုင်း နှင့် ကမ္ဘောဒီယား သို့ လေ့လာရေးခရီးသွားရောက်ခဲ့ကြပါသည်။

၂၀၁၄၊ နိုဝင်ဘာလတွင် ဒေသတွင်းတွင်ရှိသော နိုင်ငံများ၏ ရေလုပ်ငန်းဥပဒေများနှင့်ပတ်သက်၍ နှိုင်းယှဉ်လေ့လာမှုများ ပြုလုပ်ခဲ့ကြပါသည်။

၂၀၁၄၊ ဧပြီလတွင် ပထမအကြိမ် ပြည်နယ်လွှတ်တော် အလုပ်ရုံဆွေးနွေးပွဲကိုပြုလုပ်ကျင်းပခဲ့ကြပါသည်။

၂၀၁၄၊ မေလတွင် အကြံပြုချက်များပေါင်းစပ်ပြီး တတိယမူကြမ်းကို ရေးဆွဲထုတ်ပြန်ခဲ့ကြပါသည်။

၂၀၁၄၊ မေလတွင် ဒုတိယအကြိမ် ပြည်နယ်လွှတ်တော် အလုပ်ရုံဆွေးနွေးပွဲ ကိုပြုလုပ်ကျင်းပခဲ့ကြပါသည်။

၂၀၁၄၊ မေလတွင် ကျေးလက်လူထု သဘောထားကောက်ခံရေးညှိနှိုင်းအစည်းအဝေး ကိုပြုလုပ်ကျင်းပခဲ့ကြပါသည်။

၂၀၁၄၊ ဖွန်လတွင်ကျေးလက်လူထုသဘောထားကောက်ခံရေး အစီအစဉ်ကို ဆောင်ရွက်ခဲ့ကြပါသည်။

# အပိုင်း (၁)

## အစဉ်အလာအရ ငါးဖမ်းသောပုံစံများနှင့် ပြောင်းလဲလာသော ပုံစံများ

ရခိုင်ပြည်နယ်၏မြေမျက်နှာပြင်အနေအထားအရ ဇရိယာအများစုသည် ပင်လယ်၊ မြစ်ချောင်းများနှင့် ဆက်စပ်နေမှုကြောင့် ဒေသတွင်နေထိုင်သူအများစုသည် ရေလုပ်ငန်းဖြင့်အသက်မွေးဝမ်းကြောင်းပြုကြသည်။ ရေလုပ်ငန်းကို မိရိုးဖလာလုပ်ကိုင်လာကြသည်မှာလွန်ခဲ့သောနှစ်ပေါင်းများစွာကတည်းကဖြစ်ပြီး ၎င်းတို့နေထိုင်သောဒေသအလိုက် သင့်လျော်သောနည်းစနစ်နှင့်ငါးဖမ်းကိရိယာများကိုအသုံးပြုကာသားငါးရှာဖွေကြသည်။ သားငါးရှာဖွေသည့်ပုံစံမှာ မိရိုးဖလာအလိုက်လက်ဆင့်ကမ်းလာသော နည်းစနစ်များကိုသာအသုံးပြုကြသည်။ ထိုသို့သားငါးရှာဖွေရာတွင် နှစ်ကာလကြာမြင့်လာသည်နှင့်အမျှ ရေသယံဇာတများ ရှားပါးလာသည့်အတွက်သားငါးဖမ်းဆီးရာတွင် အသုံးပြုသော ကိရိယာများကိုပြောင်းလဲ၊ တိုးချဲ့အသုံးပြုလာခြင်းများလည်းရှိလာသည်ကိုတွေ့ရသည်။

လေ့လာခဲ့သောမြို့နယ်များအတွင်းတွင် ဂွနှင့်သံတွဲမြို့နယ်တို့တွင် ငါးဖမ်းကိရိယာများသိသိသာသာပြောင်းလဲအသုံးပြုလာကြသည်။ သံတွဲမြို့နယ်ရှိရေလုပ်သားများ၏ပြောပြချက်အရ ဒေသတွင် ယခင်သုံးစွဲနေသောပိုက်အမျိုးအစားများအပြင် ကျောက်ကပ်ပိုက် (ထိမိပိုက်) ဟုခေါ်သော ယိုးဒယားဘက်မှတင်သွင်းသော ပိုက်အမျိုးအစားတစ်မျိုးကို သုံးစွဲလာကြသည်။ ကျောက်ကပ်ပိုက်သည် ပင်လယ်တွင်းရှိကျောက်ဆောင်များအားအမှီပြု၍ဖမ်းဆီးရသောပိုက်အမျိုးအစားဖြစ်ပြီး ကျောက်ကြို ကျောက်ကြားတွင်နေထိုင်သော ငါးများကိုပါဖမ်းဆီးနိုင်သည့်အတွက်ပြောင်းလဲသုံးစွဲလာကြခြင်းဖြစ်သည်။

ထို့အပြင် ဒေသတွင် လွန်ခဲ့သောနှစ် ၂၀ လောက်ကပင် မိရိုးဖလာအသုံးပြုလာသော ကမ်းဆွဲပိုက်အမျိုးအစားကို ယခုအချိန်တွင်သုံးစွဲခြင်းမရှိတော့ဘဲ ကျော့ပိုက်အမျိုးအစားများကိုပြောင်းလဲသုံးစွဲလာကြသည်။ ထိုသို့ပြောင်းလဲသုံးစွဲလာသည့်အကြောင်းအရင်းမှာယခင်ကပင်လယ်ကမ်းစပ်နားတွင်ပင်ငါးအရအမိမှာကောင်းသော်လည်း ယခုအခါ ကျော့ပိုက်ကိုအသုံးပြု၍ ကမ်းနှင့်အနည်းငယ်လှမ်းသောနေရာတွင်ဖမ်းဆီးမှသာငါးအရအမိကောင်းလာသည့်အတွက်ဖြစ်သည်။

ဝွမြို့နယ်ရှိ ကျိန္တလီကျေးရွာတွင်မူ ဝိုင်းချပ်ပိုက်သည် လွန်ခဲ့သောနှစ်ပေါင်း၄၀ကတည်းကမိရိုးဖလာသုံးစွဲလာသောပိုက်ဖြစ်သော်လည်း ၁၉၉၄ခုနှစ်နောက်ပိုင်းမှစတင်ကာ အရွယ်အစားကြီးမားသောပိုက်များကိုသုံးလာကြသည်။ ဥပမာအားဖြင့် ယခင်က အလျား၆၀၀ အနံ ၁၀၀ရှိသောပိုက်များကိုသုံးသော်လည်း ယခုအခါ အလျား ၉၀၀ပေ အနံ ၁၂၀ပေ ရှိသောပိုက်များကိုသုံးလာကြသည်။

## ဒေသအလိုက်သုံးစွဲသောပိုက်အမျိုးအစားများ

| စဉ် | မြို့နယ် | ကျေးရွာ | ပိုက်အမျိုးအစား |
|---|---|---|---|
| ၁ | ကျောက်ဖြူ | ဇင်ချောင်း | မျှောပိုက်(ဆွဲပိုက်)၊ငါးသလောက်ပိုက်၊သုံးထပ်ပိုက်၊ ကြာဖီပိုက် |
| ၂ | ရမ်းဗြဲ | ရမ်းဗြဲ | မော်ရံပိုက်၊ကျားပိုက်၊ပုဇွန်ပိုက်၊ ကျောက်ကပ်ပိုက်၊ ရင်းပိုက်၊ အာထောက်ပိုက်၊ မျှင်ထိုးပိုက်၊ မျှားတန်း၊ သုံးထပ်၊ ပိုက်ကြီးကွင်းကျယ် |
| ၃ | သံတွဲ | ဂိုတ္တော | ကျောက်ကပ်ပိုက်၊ကျော့ပိုက်၊ ငါးညို့ပိုက်၊ သုံးထပ်၊ ငါးသားလောက်၊ ငါးကွင်းညို |
| ၄ | ဝွ | ဝွ | ငါးကွင်းရှပ်ပိုက်(မျှောပိုက်)၊ ကျော့ပိုက်၊ သုံးထပ်ပိုက်၊ငါးသလောက်ပိုက်၊ ကုန်းညိုပိုက်၊ |
| ၅ | ဝွ | ကျိန္တလီမြို့နယ်ခွဲ | မော်ရံပိုက်၊ ဝိုင်းချပ်ပိုက် |
| ၆ | တောင်ဂုတ် | တောင်ကုတ် | မျှားတန်းပိုက်၊မော်ရံပိုက်၊ |
| ၇ | မြေပုံ | ငွေတွင်းတူးကျေးရွာ | သုံးထပ်ပိုက်၊ ကြာဖီပိုက်၊သုံးထပ်ပိုက်၊ နိုင်လွန်ပိုက်၊ ကကတစ်ပိုက်၊ ပုဇွန်ကန်၊မော်ရံပိုက်၊မြှုံး၊ကျောက်ကပ်ပိုက်၊ |
| ၈ | ပေါက်တော | ပေါက်တော | ကျားပိုက်၊ ကကတစ်ပိုက်၊မျှောပိုက်၊ ကျားပိုက်၊ ပုရှူးပိုက် |
| ၉ | ပေါက်တော | ရေပချိုင်ကျေးရွာ | ကျားပိုက်၊ငါးသလောက်ပိုက်၊မျှောပိုက် |

## ရေလုပ်သားများရင်ဆိုင်ကြုံတွေ့နေရသော အခက်အခဲများ

ရခိုင်ပြည်နယ်ရှိ ရေလုပ်သားအများစုကြုံတွေ့နေရသည့်အဓိကအခက်အခဲမှာ ငါးအရအမိကျဆင်းလာကာ စားဝတ်နေရေးအခက်ကြုံလာခြင်းဖြစ်သည်။ ငါးအမိအရကျဆင်းခြင်း၏ အကြောင်းအရင်းများမှာ ရာသီဥတုမမှန်ခြင်း၊ ငါးဖမ်းဆီးသူပိုမိုများပြားလာခြင်း၊ ပင်လယ်ကမ်းဝေးသင်္ဘောများ ကမ်းနီးသို့ဝင်ရောက်ဖမ်းဆီးခြင်းတို့ကြောင့် ရေသယံဇာတများရှားပါးလာခြင်းဖြစ်သည်။ ပင်လယ်ကမ်းရိုးတန်းဒေသများတွင် ကမ်းနီး၊ ကမ်းဝေးငါးဖမ်းလုပ်ငန်းများရှိရာ ဒေသခံကမ်းနီးရေလုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် ပင်လယ်ပြင်ကမ်းဝေးငါးဖမ်းသင်္ဘောများ၏ ကမ်းနီး၁၀မိုင်အတွင်း ဝင်ရောက်ဖမ်းဆီးနေသည့်အတွက်အခက်ကြုံနေရသည်။ ၄င်းကမ်းဝေးငါးဖမ်းစက်လှေများသည် Baby trawl များကို အသုံးပြု၍ ကမ်းနီးဆယ်မိုင်အတွင်းရှိ ငါး၊ ပုဇွန်များကို ဝင်ရောက်ဖမ်းဆီးနေကြသည်။ အချို့ငါးဖမ်းစက်လှေများသည် စက်လှေနံပါတ်များအား ဖျက်ထားသည့်အတွက် ပင်လယ်ပြင်စိုးမိုးရေးတာဝန်ထမ်းဆောင်နေသော မြန်မာ့ရေတပ်အားလည်းတိုင်ကြားရန်ခက်ခဲ့သည်။ အချို့စက်လှေများသည် ရေမိုင်းခွဲကာဖမ်းဆီးခြင်းကြောင့်လည်းငါးသယံဇာတဆုံးရှုံးမှုများဖြစ်ပေါ်နေသည်။

FINAL





ထို့အပြင်ဒေသအလိုက် ပထဝီအနေအထားအပေါ်မူတည်၍ ကြုံတွေ့နေရသောအခက်အခဲများလည်းရှိသည်။ ကျောက်ဖြူမြို့နယ် ဇင်ချောင်းကျေးရွာသည် ပင်လယ်ကမ်းရိုးတန်းဘေးတွင်တည်ရှိသောကျေးရွာဖြစ်ပြီးရေလုပ်သားစက်လှေပိုင်ရှင်များကြုံတွေ့နေရသည့်အခက်အခဲမှာ ကမ်းရေထိန်းနံရံများရေတိုက်စားကာပြိုကျနေသည့်အတွက် စက်လှေအတင်အချလုပ်နေရခြင်းဖြစ်သည်။ စက်လှေပင်လယ်ပြင်သို့ထွက်ရန်အတွက် စက်လှေတစ်စီး၏ထမ်းချစရိတ်မှာ ၁၀၀၀၀ကျပ်ဖြစ်သည်။ ထိုရေထိန်းနံရံ၏အနေအထားမှာ နောင်လာမည့်နှစ်တွင်လုံးဝပြိုကျမည့်အနေအထားရှိပြီးထိုသို့ပြိုကျပါက ဒေသရှိရေလုပ်သားများ ရေလုပ်ငန်းကိုဆက်လက်လုပ်ကိုင်နိုင်တော့မည်မဟုတ်ပေ။

## ရေလုပ်သားများအကြားဖြစ်ပွားလေ့ရှိသော ပဋိပက္ခများ

လေ့လာမှုပြုလုပ်ခဲ့သော ရခိုင်ပြည်နယ်တွင် ရေလုပ်ငန်းလုပ်ကိုင်သောရေလုပ်သားများအကြားအဖြစ်များသော ပဋိပက္ခများကို လေ့လာကြည့်ပါက နှစ်ပိုင်းခွဲခြားတွေ့မြင်နိုင်သည်။ တစ်ပိုင်းမှာ ငွေကြေးကြောင့်ဖြစ်သော ပဋိပက္ခနှင့် တစ်ပိုင်းမှာ ရေလုပ်ငန်းလုပ်ကိုင်သူများ ကြားပင်လယ်ပြင်တွင်း ငါးဖမ်းကြသည့်အခါစောင့်ထိန်းရမည်ဖြစ်သောစည်းကမ်းများ မလိုက်နာမှုကြောင့် လုပ်ငန်းတူအချင်းချင်းဖြစ်ပွားကြသောပဋိပက္ခများဖြစ်ကြသည်။

ငွေကြေးကြောင့်ဖြစ်သော ပဋိပက္ခများမှာ ရေလုပ်ငန်းလုပ်ကိုင်သောလုပ်ငန်းရှင်များနှင့် ရေလုပ်သားများအကြား လုပ်အားခကြိုတင်ငွေထုတ်ယူပြီး အလုပ်ချိန်ပြီးဆုံးသည်အထိလုပ်အား ပြန်လည်ပေးဆပ်ခြင်းမရှိဘဲ အခြားအလုပ်ရှင်တစ်ဦးထံပြောင်းရွှေ့လုပ်ကိုင်ခြင်းကြောင့် အလုပ်ရှင်နှင့်အလုပ်သမားကြား ပဋိပက္ခများဖြစ်ပွားလေ့ရှိသည်။ ထို့အပြင်ငါးပုဇွန်အဝယ်ဒိုင်များနှင့် ရေလုပ်ငန်းငယ်များအကြား ကုန်ပစ္စည်းပေးမည်ဟုဆိုကာကြိုငွေထုတ်ယူကြသော်လည်း ငွေကြေးသည်အထိကုန်ပစ္စည်းပြန်လည်မပေးသွင်းဘဲအခြား ဒိုင်များတွင်လက်ငင်း သွားရောက်ရောင်းချကြသည့်အတွက်လည်း လုပ်ငန်းရှင်နှင့်ရေလုပ်သားများကြားပဋိပက္ခများဖြစ်ပွားတတ်ကြသည်။

ရေလုပ်ငန်းလုပ်ကိုင်သူများကြားဖြစ်ပွားလေ့ရှိသောပုံစံမှာ ဒေသခံရေလုပ်ငန်းရှင်များအချင်းချင်း အမျိုးအစားမတူညီသောပိုက်များကို တစ်နေရာထဲတွင်ဖမ်းဆီးကြသည့်အခါ ငါးအရအမိလျော့ကျသောကြောင့်ခိုက်ရန်ဖြစ်ပွားမှုများကြုံတွေ့ကြရသည်။ ထို့အပြင် တစ်ဦးမှပိုက်ချထားသောနေရာသို့ အခြားငါးဖမ်းစက်လှေများမှဖြတ်သန်းသွားသောကြောင့် ပိုက်များစက်လှေပန်ကာနှင့်ငြိကာပိုက်များဆုံးရှုံးမှုဖြစ်သောကြောင့်လည်းပဋိပက္ခများဖြစ်ပွားလေ့ရှိသည်။ ငါးဖမ်းစက်လှေများပေါ်ရှိရေလုပ်သားများအချင်းချင်းလူမှုရေးအရ စကားများ ရန်ဖြစ်သည့် ပဋိပက္ခများလည်းရှိသည်။

အထက်တွင်ဖော်ပြခဲ့သောပြဿနာများသည် ကမ်းနီးငါးဖမ်းလုပ်ငန်းလုပ်ကိုင်သည့်ရေလုပ်သားများအကြားတွင်ဖြစ်ပွားလေ့ရှိသောပြဿနာများဖြစ်သည်။ ထို့အပြင် ရခိုင်ပြည်နယ် ပင်လယ်ကမ်းရိုးတန်းဒေသရှိ ရေလုပ်ငန်းလုပ်ကိုင်သူများကြုံတွေ့နေရသော ပြဿနာတစ်ရပ်မှာကမ်းဝေးငါးဖမ်းသင်္ဘောများနှင့် ဒေသခံများအကြား ရေပိုင်နက်ကျူးကျော်မှုပင်ဖြစ်သည်။ ဖြစ်ပွားလေ့ရှိသောပုံစံမှာညအချိန်တွင် ပင်လယ်ပြင်ကမ်းဝေး ငါးဖမ်းစက်လှေများ ကမ်းနီးငါးမိုင်အတွင်းဝင် ရောက်ဖမ်းဆီးသောကြောင့်ဒေသခံရေလုပ်ငန်းသမားများ ပင်လယ်ပြင်တွင်း ချထားသောပိုက်များ စက်လှေများနှင့်ငြိကာဒေသခံတို့၏ပိုက်များ ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်သည်။ ထိုသို့ဖြစ်ပွားသည့်အခါ ဒေသခံစက်လှေများက ထိုငါးဖမ်းသင်္ဘောများနောက်သို့လိုက်ကာ အလျော်တောင်းသော်လည်း ၄င်းတို့က မပေးဘဲထွက်ပြေးကြသည်။ ၄င်းတို့၏စက်လှေများတွင်လည်း စက်လှေနံပါတ်ကိုဖျက်ထားသည့်အတွက် ညအမှောင်တွင် မှတ်မိရန်မလွယ်ကူချေ။ ထို့အပြင် ကမ်းဝေးငါးဖမ်းသင်္ဘောများက ကမ်းနီးသမားများ၏ပိုင်နက်အတွင်း ရေမိုင်းခွဲကာ ငါးဖမ်းဆီးမှုများလည်းရှိသည်။ ထိုသို့မိုင်းခွဲသူများအားလည်းဒေသခံများက သိရှိ၍ပြောဆိုသောအခါ အချင်းချင်း ခိုက်ရန် ဖြစ်ပွားမှုများဖြစ်ပွားကြသည်။

## ပိုက်အမျိုးအစားလိုက် ဖြစ်ပွားလေ့ရှိသော ပြဿနာများ

| စဉ် | မြို့နယ် | ပိုက်အမျိုးအစား | ပြဿနာ ဖြစ်ပွားသည့်အကြောင်းအရင်း |
|---|---|---|---|
| ၁ | မြေပုံ | မော်ရုံနှင့်သုံးထပ် | မော်ရုံပိုက်ချထားသည့်နေရာတွင်အခြားပိုက်များ ချ၍မရသောကြောင့် အခြင်းများမှု |
| ၂ | ပေါက်တော | ကျားပိုက်နှင့်မျှောပိုက် | မျှောပိုက်နှင့်အာထောက်ပိုက် မျှောပိုက်သမားများအတွက်သီးသန့် နေရာသတ်မှတ်ခြင်း မရှိသောကြောင့် ကျားပိုက်၊ အာထောက်ပိုက်သမားများ နှင့် အချင်းများမှုများဖြစ်ပွား |
| ၃ | ကျိန္နလီ | မျှောပိုက်နှင့်ဝိုင်းပိုက် | မျှောပိုက်နှင့် ဝိုင်းပိုက်များ ငြိကြသောအခါ အချင်းများ |

FINAL

## အခက်အခဲ နှင့် ပဋိပက္ခများကို ဖြေရှင်းသည့်ပုံစံများ

အထက်တွင်ဖော်ပြခဲ့သောရေလုပ်သားများ ကြုံတွေ့နေရသည့်ပဋိပက္ခများကိုဖြေရှင်းသည့်အခါ နည်းလမ်းသုံးမျိုးဖြင့် ဖြေရှင်းကြသည်ကိုတွေ့ရသည်။ ရပ်ရွာတွင်းရေလုပ်သားများအချင်းချင်းညှိနှိုင်းဖြေရှင်းသည့်ပုံစံ၊ ကျေးရွာအခြေပြု၍ဖွဲ့စည်းထားသောအဖွဲ့များမှ ကြားဝင်ညှိနှိုင်းပေးသည့်ပုံစံ၊ အုပ်ချုပ်ရေးပိုင်းနှင့်ဆိုင်သောအာဏာပိုင်များ၏ အကူအညီယူ ကာဖြေရှင်းသည့်ပုံစံတို့ဖြစ်သည်။

ငွေရေးကြေးရေးနှင့်ဆိုင်သောပဋိပက္ခများကိုဖြေရှင်းရာတွင် ငါးဒိုင်များနှင့် ရေလုပ်သားများအကြားဖြစ်ပွားသော ငွေကြေးကိစ္စများကို ငါးဒိုင်အချင်းချင်းပြန်လည်ညှိနှိုင်းကာ ရေလုပ်သားလာရောက်ရောင်းချသည့်အထဲမှနုတ်ယူပြီး တဘက်ဘက်ဒိုင်အား ပြန်လည်တောင်းယူပေးသည့်ပုံစံဖြစ်သည်။ စက်လှေပိုင်ရှင်နှင့် ရေလုပ်သားအကြားဖြစ်သော ငွေကြေးကိစ္စတွင်မူအချို့မှုပိုင်ရှင်တစ်ဦးထံတွင်ယူထားသော ကြိုတင်ငွေကို ကြေသည့်အထိလုပ်ပြန်လည်ပေးဆပ်ခြင်းမရှိဘဲ အခြားပိုင်ရှင်ထံသို့ပြောင်းလဲလုပ်ကိုင်သောအခါ စက်လှေပိုင်ရှင်အချင်းချင်းအချို့အခြေအနေများတွင် ညှိနှိုင်းဖြေရှင်းကြသည်။ထိုသို့တောင်းယူ၍မှမရလျှင် ကျေးရွာအုပ်ချုပ်ရေးမှူးထံသို့ တိုင်ကြား၍လည်းကောင်း မြို့နယ်ရဲစခန်း (သို့) ရဲများထံတွင် အကူအညီတောင်း၍သော်လည်းကောင်း ပြန်လည်တောင်းယူကြသည်။ အချို့သော ပြဿနာများတွင် ကြွေးယူသူမှအခြား ဒေသများသို့ထွက်ပြေးတိမ်းရှောင်သွားသည့်အတွက် ငွေရှင်များတွင် ဆုံးရှုံးမှုများ ကြုံတွေ့ရသည့်အခြေအနေများလည်းရှိသည်။ ရဲများအားအကူအညီတောင်းရာတွင်လည်း၎င်းတို့အနေဖြင့် ချေးငွေ ပမာဏအပြည့်အဝပြန်လည်ရရှိတော့ခြင်းမဟုတ်ဘဲ ချေးငွေ၏ ထက်ဝက်နီးပါးကိုရဲများအားပေးရသည်ကို “ကြွေးမရရင် ရဲနဲ့ရှင်းတယ် ရဲတစ်ဝက်ကိုယ်တစ်ဝက်ရတယ်” ဟုပြောပါသည်။ ထို့အပြင် ကျေးရွာရှိငွေချေးသူများသည်လည်း အာဏာရှိသောသူများပါမှသာအလေးထားကြောင်းကို “ရွာမှာကပြောရရင်ရဲပါမှကြောက်တာ ရဲမပါရင်မကြောက်ဘူး”ဟုပြောပါသည်။

ဒေသခံရေလုပ်သားများအတွင်း စက်လှေနှင့်ငါးဖမ်းပိုက်သမားများကြား ဖြစ်ပွားသော ပိုက်ငြိသည့်ပြဿနာမျိုးကို ပိုင်ရှင်အချင်းချင်းနားလည်မှုဖြင့် အလျော်ပေးသည့်ပုံစံဖြင့် တစ်ဘက်နှင့်တစ်ဘက် ညှိနှိုင်းကာဖြေရှင်းကြသည်။ အထက်တွင် ဖော်ပြခဲ့သောပိုက်အမျိုးအစားမတူညီသော ရေလုပ်သားများအကြားရေပိုင်နက်လုသည့်ပြဿနာများတွင် ဒေသတွင်း ဖွဲ့စည်းထားသော ရေလုပ်သားအဖွဲ့များမှ ကြားဝင်စေ့စပ်ဖြေရှင်းပေးသည့်ပုံစံဖြင့် ညှိနှိုင်းဖြေရှင်းကြသည်။ ပင်လယ်ကမ်းဝေး သင်္ဘောများနှင့်ဒေသခံရေလုပ်သားများအကြားဖြစ်ပွားသော ပဋိပက္ခများတွင်မူ ရေလုပ်သားများအနေဖြင့် ဖြေရှင်းမှုမပြုနိုင်သေးဘဲ ရှိနေသေးသည့်အနေအထားဖြစ်သည်။





## ပြောင်းလဲလာသောအကြောင်းတရားများကြောင့် ဖြစ်ပေါ်လာသောအကျိုးသက်ရောက်မှုများ

ရခိုင်ပြည်နယ်တွင် ပြောင်းလဲလာသော ရာသီဥတုနှင့် ပြောင်းလဲသုံးစွဲလာသောငါးဖမ်းကိရိယာများ ငါးဖမ်းဆီးမှုပုံစံများကြောင့် ရေလုပ်ငန်းလုပ်ကိုင်သူများ၏ သားငါးဖမ်းဆီးရရှိမှုပမာဏသည် တစ်နှစ်ထက်တစ်နှစ်လျော့ကျ လျှက်ရှိသည့်အနေအထားဖြစ်သည်။ သိသိသာသာရှားပါးလာသောငါး၊ပုဇွန်အမျိုးအစားများမှာ သံတွဲမြို့နယ်တွင် လက်ရှိအချိန် နှင့် လွန်ခဲ့သော ၁၅နှစ်နှင့် နှိုင်းယှဉ်လျှင် ပလာတူးဟုခေါ် ငါးမိုးသီးအမျိုးအစားနှင့် ရွှေပုဇွန်အမျိုး အစားသည် သိသိသာသာ ပြုန်းတီးလာပြီး ၁၅%လောက်သာ ကျန်ရှိတော့သည့်အနေအထားဖြစ်သည်။ သံတွဲတွင် ဖမ်းဆီးလေ့ရှိသော ပုဇွန်ကျော့ ပိုက်သည် ယခုအချိန်တွင် ရွှေပုဇွန်မရရှိတော့ဘဲ ငါးနီတူသာဖမ်းဆီးရရှိတော့ပြီး နောက်ပိုင်းတွင် ငါးနီတူပါပြုန်းတီးလာ မည့်နေအထားဖြစ်သည်။ ထိုသို့ရှားပါးလာခြင်းမှာခြင်းမှာ ပင်လယ်ကမ်းနီးရေမိုင်အတွင်းကမ်းဝေး ဆွဲပိုက်များ ဝင်ရောက် ဆွဲသောကြောင့်ဖြစ်သည်။ ထို့အပြင်ကျောက်ဖြူမြို့နယ်တွင် ကကတစ်အမျိုးအစားသည်လည်း လွန်ခဲ့သောနှစ်၂၀နှင့် နှိုင်းယှဉ်လျှင် သိသိသာသာရှားပါးသွားသောအနေအထားရှိသည်။

ဒေသတွင်း ရေလုပ်ငန်းများ အဆင်မပြေကြသည့်အတွက် ဒေသခံအလုပ်သမားများသည် အခြားဒေသများ သို့ပြောင်းရွှေ့လုပ်ကိုင်ခြင်းများလည်းပိုမိုများပြားလာကြသည်။ အခြားဒေသသို့သွားရောက်သူများပြားလာသည့်အတွက် ဒေသတွင်းလုပ်သားရှားပါးမှုများဖြစ်ပေါ်နေပြီး ရေလုပ်ငန်းရှင်များအနေဖြင့် လုပ်သားငှားရမ်းစရိတ်များကြီးမြင့်လာမှု များနှင့်ရင်ဆိုင်နေရသည်။ ခြုံငုံသုံးသပ်ရပါက လက်ရှိတွင်ရေသယံဇာတ များရှားပါးလာသောကြောင့် လုပ်ငန်းလုပ်ကိုင်သူများ အားလုံးနီးပါး ငွေကြေးအခက်အခဲနှင့်ရင်ဆိုင်နေကြရသည့်အပြင် လုပ်သားများငှားရမ်းမှုခက်ခဲကာလုပ်အားခဈေးကြီးပေးရ သောအခြေအနေများနှင့်ရင်ဆိုင်နေရပါသည်။

FINAL

# အပိုင်း (၂)

## သွားရောက်လေ့လာခဲ့သောမြို့နယ်များ၏ အခြေခံအချက်အလက်များ

| Township Name | No of Village Tract | No of Villages | No of Households | | | Total Population | | | Livelihood Status | Market Status | Traditional practices | Strength and Weakness | Community Reflection | Remark |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | Urban | Rural | Total | Urban | Rural | Total | | | | | | |
| Taungup | 42 | 146 | 4777 | 16612 | 21389 | 24900 | 79463 | 104363 | Agriculture, Fishery, Firewood, wooden work, charcoal making | Because of good transportation marketing is year round available to Yangon, Sittwe, Pyay and other market places | Agriculture and Fishery, Handicraft using wooden products,wooden work | Due to good transportation they have good marketing in year Round/ less agriculture field | Fishery men are interested in consultation of fishery law and they provided necessary advice and asked necessary questions | |
| MayeBon | 52 | 158 | - | - | - | - | - | - | Agriculture, Fishery | transport to Sittwe and also to KhanTaungGyi Village that was very easy to go to other part of Rakhine State and also dry zone with any ways such as bus and boat. | Agriculture and Fishery | most of the farmer is the fisherman also, they plant the paddy crops in raining season and fishing in all season with any kind of fisher gears. So their economic status is quite good | Most of the fisherman really interested in this consultation process and deeply participate. They felt proud to contact and speak friendly with MPs for asking and discussing their need and want for the fishery law | We made only one community consultation process in MyeBon, NguTwinTue Village that came from near 10 villages and approximately 160 audiences. |
| PaukTaw | 54 | 197 | - | - | - | - | - | - | Agriculture, Fishery | Near the Sittwe, so they import and export from there | Agriculture and Fishery | most of the fisherman work in whole season, and good transportation make them reliable | Most of the fisherman really interested in this consultation process and deeply participate. They felt proud to contact and speak friendly with MPs for asking and discussing their need and want for the fishery law. | We made two consultation processes in Pauktaw: one Ward and one village. In ward, the approximately 80 audiences from Ward-5 participated and made 4 FGD groups. In NgaRaBaChaing Village, came from other near 5 villages and 100 over audiences participated. But only 3 FGD made in there. |
| Gwa | 21 | 104 | 1641 | 7242 | 8883 | 7320 | 30015 | 37335 | Agriculture, Fishery, Firewood, wooden work, charcoal making | Because of good transportation marketing is year round available to Yangon, marketing places of Aeyarwaddy division | Agriculture and Fishery, Handicraft using wooden products,wooden work | Due to good transportation they have good marketing in year Round/ less agriculture field | Fishery men are interested in consultation of fishery law and theyprovided necessary advice and asked necessary | |
| Ramree | 51 | 217 | 2089 | 19219 | 21308 | 9900 | 92909 | 102809 | Agriculture, Firewood, Charcoal making, Fishery | Due to poor communication and transportation, market status isLow, they are relying on Kyauk Phyu and Sittwe by water transportation | Agriculture and Fishery | One community group was already formed by themselves as community Fishery, received credit from Co-operatives department and local government, they are interested in community fishery is a strength | Fishery men are interested in consultation of fishery law and they provided necessary advice and asked necessary questions | |
| Thandwe | 63 | 244 | 2964 | 23905 | 26869 | 12667 | 1E+05 | 114061 | Agriculture, Fishery, Services providing to tourist and sea beach Hotel/Restaurants | Relying on flight to Yangon and Sittwe | Agriculture and Fishery, Handicraft using sea products | Fishery included dry fish business is good Marketing /transportation is difficult in the rainy season | Fishermen are interested in consultation of fishery law and they provided necessary advice and asked necessary questions | |



ကျေးလက်လူထုသဘောထားကောက်ခံရေးအဖွဲ့

# အပိုင်း(၃) အခန်း(၁)

## အမည်နှင့်အဓိပ္ပါယ်ဖော်ပြချက်



ရခိုင်ပြည်နယ်ရေချိုငါးလုပ်ငန်းဥပဒေမူကြမ်း၏အခန်း(၁)အမည်နှင့် အဓိပ္ပါယ်ဖော်ပြချက်အခန်းတွင်ရေလုပ်ငန်းနှင့်ဆက်စပ်နေသည့် ရေထွက်ကုန်ပစ္စည်းများကိုဥပဒေကြမ်းတွင်မည်သို့ ရှင်းလင်း ဖွင့်ဆိုထားသည့်ဖော်ပြချက်များပါရှိသည်။ ထို့နောက်တွင်အမည်နှင့် အဓိပ္ပါယ်ဖော်ပြချက်အခန်းတွင် အကြံပြုလိုသည်များ၊ ထပ်မံဖြည့်စွက်လိုသည်များကိုမေးမြန်း ခဲ့ရာတွင်ထပ်မံဖြည့်စွက် မပြင်ဆင်လိုသူ ၉၀%ရှိပြီး ရေချိုငါးလုပ်ငန်းဥပဒေဟူသောဥပဒေ၏ အမည်နာမကိုသာလျှင်ရေငန်ငါးလုပ်ငန်းဥပဒေ၊ ပင်လယ် ရေလုပ်ငန်းဥပဒေ၊ ကမ်းနီးငါးလုပ်ငန်းဥပဒေ၊ ရေချိုရေငန်ငါးလုပ်ငန်းဥပဒေ ဟူ၍ အမည် နာမပြောင်းလဲလိုသူ ၇%ရှိသည်။ ထို့အပြင် ငါးဖမ်းကိရိယာများ၏ အမည်နှင့်အဓိပ္ပါယ်များကိုလည်း ဥပဒေတွင် ထပ်မံဖြည့်စွက်သင့်သည်ဟုအကြံပြုသူ ၃%ရှိပါသည်။ ပြင်ဆင်လိုသူများ၏ ပြောပြချက်အရ ထိုသို့ပြင်ဆင်လိုခြင်းမှာ ရခိုင်ပြည်နယ်တွင် ရေချိုငါးဖမ်းလုပ်ငန်းဟူ၍ မရှိဘဲ ရေငန်ငါးဖမ်းလုပ်ငန်းသာရှိသောကြောင့်ပြင်ဆင်လိုခြင်းဖြစ်သည်။

## အခွန်လွတ်ကိရိယာ

အခွန်လွတ်ကိရိယာ ၁၆ မျိုးနှင့်ပါတ်သက်၍ မေးမြန်းခဲ့ရာတွင် တက်ရောက်သူများ၏ ၃၀%သာ အခွန်လွတ်ကိရိယာ လေးငါးမျိုး၏ နာမည်ကိုသာသိပြီး ကျန်ကိရိယာများကိုမသိရှိကြပါ။ တက်ရောက်သူ ၆၅% မှာ ကိရိယာများကို လုံးဝမသိရှိကြပါ။ ထို့အပြင်ကျန် ၅%မှာ ၄င်းကိရိယာများကိုသိရှိလိုပြီး မေးခွန်းအားဖြေဆိုခြင်းမရှိကြပါ။

## အကြံပြုချက် (အခန်း၁ )

| ဥပဒေဟောင်း | ပြင်ဆင်သင့်သည့်အချက် |
|---|---|
| (ဆ) ငါး ဆိုသည်မှာ ဘဝတစ်လျှောက်လုံးတွင် သော်လည်းကောင်း၊ဘဝအစိတ်အပိုင်း တစ်ပိုင်းတွင်သော် လည်းကောင်း၊ ရေထဲတွင် နေထိုင်ကျက်စားသည့် ရေ သတ္တဝါအားလုံး၊ ယင်းတို့၏ဥများ၊ သားလောင်းများ၊သား ပေါက်ကောင်များ၊ မျိုးစေ့များကို ဆိုသည်။ ~~ယင်းစကား ရပ်တွင်ရေတွင်ပေါက်ဖွားသည့်အပင်များနှင့် ယင်တို့၏ အပင်ပေါက် များ၊ မျိုးစေ့များလည်း ပါဝင်သည်။~~ | ငါး ဆိုသည်မှာ ဘဝတစ်လျှောက်လုံးတွင် သော်လည်း ကောင်း၊ ဘဝအစိတ်အပိုင်း တစ်ပိုင်းတွင်သော် လည်းကောင်း၊ ရေထဲတွင် နေထိုင်ကျက်စားသည့် ရေ သတ္တဝါအားလုံး၊ ယင်းတို့၏ဥများ၊ သားလောင်းများ၊ သားပေါက်ကောင်များ၊ မျိုးစေ့များကို ဆိုသည်။ |
| (တ) ဘုံငါးဖမ်းကွက် ဆိုသည်မှာ ယင်းငါးဖမ်းကွက်အတွင်း သတ်မှတ်ထားသည့်ငါးဖမ်းကိရိယာအရေအတွက်နှင့်ငါးဖမ်း လုပ်ကိုင်နိုင်ရန်မည်သည့်ရေလုပ်သားကိုမဆို လိုင်စင်ထုတ် ပေး နိုင်သော ငါးဖမ်းကွက်ဖြစ်ပြီး ထိုသို့ခွင့်ပြုနိုင်သည့် ငါးဖမ်း ကိရိယာလိုင်စင်တွင်အသုံးပြုရမည့်ငါးဖမ်းကိရိယာ အမျိုးအစား၊ငါးဖမ်းယူရန်နည်းလမ်းမှစ၍ စည်းကမ်းချက်များ၊ ကန့်သတ်ချက်များ ဖော်ပြပြီးနောက် ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ခွင့်ပြုနိုင်သော ရေချိုငါးဖမ်းကွက်ကို ဆိုသည်။ | ဘုံငါးဖမ်းကွက် ဆိုသည်မှာ ယင်းငါးဖမ်းကွက်အတွင်း သတ် မှတ်ထားသည့်ငါးဖမ်းကိရိယာအရေအတွက်နှင့်ငါးဖမ်းလုပ် ကိုင်နိုင်ရန် မည်သည့်ရေလုပ်သားကိုမဆို လိုင်စင်ထုတ်ပေး နိုင်သော ငါးဖမ်း ကွက်ဖြစ်ပြီး ထိုသို့ခွင့်ပြုနိုင်သည့် ငါးဖမ်းကိရိယာလိုင်စင်တွင် အသုံးပြုရမည့်ငါးဖမ်းကိရိယာ အမျိုးအစား၊ ငါးဖမ်းယူရန်နည်းလမ်းမှစ၍ စည်းကမ်းချက်များ၊ ကန့်သတ်ချက်များ ဖော်ပြပြီးနောက် ။ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ခွင့် ခွင့်ပြုပြီး လေလံကွက် အဖြစ် သတ်မှတ်ထားခြင်း မဟုတ်သည့်ရေပြင်(သို့) ကာကွယ်ထားသောရေပြင် (သို့) ရေသတ္တဝါများ မွေးမြူထုတ် လုပ်သည့်ရေပြင်များကို ဆိုလိုသည်။ |

| | |
|---|---|
| (န ) ~~အငှားဂရန် ဆိုသည်မှာ~~ အငှားဂရန်အင်းတစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်ရန် ဦးစီးဌာနကထုတ်ပေးသည့် အငှား ဂရန်ကို ဆိုသည်။ | အငှားဂရမ်ငါးဖမ်းကွက်ရေပြင်ဆိုသည်မှာ ၄င်းရေပြင် တွင်ကောင်းမွန် စနစ်ကျသော ထိန်းသိမ်းစီမံခန့်ခွဲမှု ဆောင်ရွက်နိုင်ရန် ပုဂ္ဂလိက လုပ်ကိုင်လိုသူ တစ်ဦး (သို့)ရေလုပ် သားရပ်ရွာအစုအဖွဲ့အား အငှား ချထားပေးသော ရေချိုငါးလုပ်ငန်း ရေပြင်ကို ဆိုလိုသည်။ |
| (ဓ) ~~လိုင်စင်ဆိုသည်မှာ~~ ငါးလုပ်ငန်းတစ်ရပ်ရပ် လုပ်ကိုင်နိုင်ရန် အတွက် သည်ဥပဒေအရ လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့်လိုင်စင် ကိုဆိုလိုသည်။ | ငါးလုပ်ငန်းလိုင်စင်ဆိုသည်မှာဥပဒေနှင့်အညီ ငါးဖမ်းကိရိယာကိုအသုံးပြု နိုင်ရန်အတွက် ငါးလုပ်ငန်း ဦးစီးဌာနမှ ထုတ်ပေး သော လိုင်စင်ကို ဆိုလိုသည်။ |
| (ပ ) ~~ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူ~~ ဆိုသည်မှာ ဦးစီးဌာနက ထုတ်ပေးသည့် အငှားဂရန်၊ လိုင်စင်၊ ငါးဖမ်းကရိယာလိုင်စင်၊ အအေးခန်းစက်ရုံ တည်ထောင်လုပ်ကိုင်ခွင့်လိုင်စင်၊ ငါးလုပ်ငန်းနှင့် သက်ဆိုင်သော လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့် လိုင်စင်ရရှိသူကို ဆိုလိုသည်။ | ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ မည်သူမဆို(သို့မဟုတ်) မည်သည့်ရေ လုပ်သား အစုအဖွဲ့မဆို ငါးလုပ်ငန်းဦးစီးဌာန မှထုတ်ပေးသော အငှားဂရမ် လိုင်စင် သို့မဟုတ် ငါးဖမ်းကိရိယာ လိုင်စင်၊ အအေးခန်း စက်ရုံတည်ထောင် လုပ်ကိုင်ခွင့်လိုင်စင်၊ ငါးလုပ်ငန်းနှင့်သက်ဆိုင်သော လုပ်ငန်း လုပ်ကိုင်ခွင့်ပြုသည့် လိုင်စင်ရရှိသူ(သို့)ရေလုပ်သားအစုအဖွဲ့ ကိုဆိုလိုသည်။ |
| (ဗ ) တနိုင်တပိုင်ရေလုပ်သားဆိုသည်မှာ ဘုံငါးဖမ်းကွက် တွင်သက်ဆိုင်ရာ ဦးစီးဌာနမှ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ အခွန်လွတ်ကိရိယာဖြင့် လုပ်ကိုင် သည့်ရေလုပ်သားကိုဆိုသည်။ | (ဗ)တနိုင်တပိုင်ရေလုပ်သားဆိုသည်မှာ ဘုံငါးဖမ်းကွက်နှင့် ရေပေါ်ရေလျှံ ရေလုပ်သားများ လုပ်ကိုင်ခွင့်ရှိသည့် အငှားဂရမ်လိုင်စင်လုပ်ကွက်ပြင်ပ ရေပေါ်ရေလျှံနေရာများတို့တွင် သက်ဆိုင်ရာဦးစီးဌာနမှ သတ်မှတ်ထားသောစည်းကမ်း ချက်များနှင့်အညီလုပ်ကိုင်သည့် ရေလုပ်သားများကို ဆိုသည်။ |
| (မ)၃။ တနိုင်တပိုင်ရေလုပ်သားများ ရှာစားခွင့် အတွက် ကြေးတိုင်အင်း၊ သီးသန့် အင်း၊ ဘေးမဲ့အင်းများမှအပ မည့်သည်ရေချိုငါးလုပ်ငန်း ရေပြင်တွင်မဆို ငါးရစ်၊ငါး သန်တားမြစ်ထားသော ကာလလွဲပြီး ကျန်အချိန်များတွင် ဦးစီးဌာနက သတ်မှတ်ပေးထားသော ~~အခွန်လွတ်ကိရိယာ (၁၆) မျိုး~~ ဖြင့်ရှာဖွေခွင့် ရှိသည့်ကာလ ဆိုလိုသည်။ | (မ)၃။တွင်ဖေါ်ပြထားသောအခွန်လွတ်ကိရိယာ၁၆မျိုးဆိုသည့်နေ ရာတွင် အခွန်လွတ်ကိရိယာများ ဆိုသည်နှင့် အစားထိုးသင့်သည်။ အသေးစိတ်ကို နည်းဥပဒေတွင်သာဖေါ်ပြသင့်သည်။ |
| | ရေလုပ်သား နှင့် ရေလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ ဆိုသည့် နေရာတိုင်းတွင် ရေလုပ်သား(သို့မဟုတ်) ရေလုပ်သား အစုအဖွဲ့ နှင့် ရေလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ (သို့မဟုတ်) ရေလုပ်ငန်းလုပ် ကိုင်ခွင့်ရရှိသူအစုအဖွဲ့နှင့် အစားထိုးသင့် သည်။ |

FINAL

## အခန်း၁။ တွင်ထပ်မံဖြည့်စွက်သင့်သည့် အဓိပ္ပါယ်ဖွင့်ဆိုချက်များ


- ငါးမဖမ်းရရာသီဆိုသည်မှာပြည်နယ်အစိုးရမှသတ်မှတ်ထားသော တစ်နိုင်တစ်ပိုင်အခွန်လွတ်ကိရိယာများ ဖြင့်ငါးဖမ်းဆီးခြင်းများမှ အပ လိုင်စင်ဖြင့်ပြဌာန်းထားသောကိရိယာများဖြင့်ငါးဖမ်းစီးခြင်းကို တားမြစ် ထားသောကာလကို ဆိုလိုသည်။
- လိုင်စင်ဖြင့်သတ်မှတ်ထားသော ငါးဖမ်းကိရိယာများဆိုသည်မှာ ပြည်နယ်အစိုးရမှသတ်မှတ်ထားသောလိုင်စင်ရယူ ရန်လိုအပ်သည့် ကိရိယာအားလုံး ကိုဆိုလိုသည်။
- တနိုင်တပိုင်ငါးဖမ်းကိရိယာများဆိုသည်မှာ ၄င်းကိရိယာများကိုအသုံးပြုရန်အတွက်လိုင်စင်ရယူရန်မလိုအပ်သော အခွန်လွတ်ကိရိယာ များကိုဆိုလိုသည်။
- ဘေးမဲ့ရေပြင်ဇရိယာဆိုသည်မှာ ပြည်နယ်အစိုးရ(သို့မဟုတ်) ရေလုပ်သားကျေးရွာအစုအဖွဲ့မှ သတ်မှတ်ထားသော ငါးအမျိုးအစား၊ သားငါးသံယဇာတ များမပြုန်းတီးရန်နှင့် သဘာဝပါတ်ဝန်းကျင်ဂေဟစနစ်ကို ထိန်းသိမ်းနိုင်ရန် အတွက် ထိန်းသိမ်းထားသော ဇရိယာကိုဆိုလိုသည်။





# အခန်း(၂)

## ရည်ရွယ်ချက်



အုပ်စုဆွေးနွေးပွဲတွင် ပါဝင်ဖြေဆိုသူ၏ ၈၅% မှာဥပဒေကြမ်းတွင် ထည့်သွင်းထားသော ရည်ရွယ်ချက် အခန်းကဏ္ဍ နှင့်ပတ်သက်၍ သဘောတူကာ ထပ်မံဖြည့်စွက်လိုခြင်းမရှိပေ။ ကျန် ၈% သော ရေလုပ်သားများကမူ ဥပဒေတွင် ရေလုပ်သားများ၏ အသက်မွေးဝမ်းကြောင်းလုပ်ငန်းနှင့်ပတ်သက်၍ ပြည်နယ်အစိုးရ အနေဖြင့် ကူညီထောက်ပံ့ပေးမှုကဏ္ဍတစ်ရပ်ကိုရည်ရွယ်ချက် အတွင်းထည့်သွင်းစေလိုပြီး ၂% နှုန်းမှာမူ ရခိုင်ပြည်နယ်၏ ရေလုပ်ငန်းဖွံ့ဖြိုးမှုနှင့်ပတ်သက်သော အသိပညာပေးဆိုင်ရာ သင်တန်းများကို ရေလုပ်သားများအတွက် ပို့ချပေးနိုင်စေရေးကို ရည်ရွယ်ချက်အခန်းတွင် ထပ်မံထည့်သွင်းစေလိုသည်။ ကျန် ၅%သော ရေလုပ်သားများသည် ရည်ရွယ်ချက်အခန်းနှင့်မသက်ဆိုင်သော်လည်း ၄င်းတို့ ဆန္ဒအရပြုပြင်လိုသော အချက်များကိုပြောပြခဲ့သည်။ ထိုအကြောင်းအရာများမှာ ကမ်းဝေးငါးဖမ်းသင်္ဘောများကမ်းနီးသို့ဝင်ရောက်ဖမ်းဆီးနေခြင်းများ ကို တားဆီးပေးရန်နှင့် လိုင်စင်ကြေးများကို သတ်မှတ်ရာတွင်ကိရိယာများအလိုက် မည်သို့ နှုန်းထားသတ်မှတ်ထားသည်ကို ပွင့်လင်းမြင်သာမှုရှိရန် အတွက် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ဖော်ပြပေးစေလိုကြောင်း ပြောပါသည်။

## အကြံပြုချက် (အခန်း၂ )

| ဥပဒေဟောင်း | ပြင်ဆင်သင့်သည့်အချက် |
|---|---|
| (က) ~~ငါးလုပ်ငန်းများ~~ စနစ်တကျပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် | ငါးလုပ်ငန်းများနှင့် ရပ်ရွာအခြေပြု ရေလုပ်ငန်းစီမံခန့်ခွဲမှုစနစ်များ စနစ်တကျပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် |
| (ခ) ငါးသယံဇာယနှင့် ငါးမျိုးပြုန်းတီးမှု မရှိစေရေး၊ စဉ်ဆက် မပြတ်ထုတ်ယူသုံးစွဲနိုင်ရေးတို့အတွက် ငါးနေငါးထိုင်တောများနှင့် ၄င်းတို့၏ ဂေဟစနစ်များပျက်စီးမှုမှကာကွယ်စောင့်ရှောက်ရန်၊ | ငါးအလွန်အကျွံဖမ်းဆီးခြင်း၊ ရေသတ္တဝါများ ရှားပါးလာခြင်း နှင့်ငါးမျိုးပြုန်းတီးမှု၊စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်ရေးတို့ အတွက် ငါးနေငါးထိုင်တောများ နှင့် ရေနေသတ္တဝါများ၏ သဘာဝဂေဟစနစ် ပျက်စီးမှုကို ကာကွယ်ရန် |
| (စ) ရေထွက်ပစ္စည်းများ အရည်အသွေးကောင်းမွန်ပြီး ဘေးအန္တရယ် ကင်းရှင်းစွာ ထုတ်လုပ်နိုင်ရန်၊ | အရည်အသွေးကောင်းမွန်ပြီးစားသုံးသူများ အတွက်အန္တာရယ်မဖြစ်စေသော ရေထွက်ပစ္စည်းများထုတ်လုပ်ရန် |
| (ဆ)တနိုင်တပိုင်ရေလုပ်သားများ၏ဆင်းရဲနွမ်းပါးမှုလျှော့ပါး စေရေးနှင့် လူမှုဘဝတိုးတတ်မြင့်မားရေးကို အထောက်အကူပြုရန်။ | အများပြည်သူရေလုပ်သားများ၏ အသက်မွေးဝမ်းကျောင်းနှင့် လူနေမှုအဆင့်အတန်းများမြင့်မားပြီး ဆင်းရဲမွဲတေမှုကို လျှော့ချနိုင်ရန် |
| (ဇ)ငါးလုပ်ငန်းများကိုဆောင်ရွက်ရာတွင် နိုင်ငံတကာစံသတ်မှတ်ချက် များနှင့် အညီဖြစ်စေရန်၊ | ငါးလုပ်ငန်းများကိုဆောင်ရွက်ရာတွင် နိုင်ငံတကာစံချိန်စံညွှန်းများ နှင့်အညီဖြစ် စေရန် |

FINAL

# အခန်း(၃)

## အငှားဂရန်လိုင်စင်လျှောက်ထားခြင်းနှင့်ထုတ်ပေးခြင်း



### (၁) လုပ်ငန်းလိုင်စင်နှင့်ငါးဖမ်းကိရိယာ လိုင်စင်ခွဲခြားခြင်းအခန်းကဏ္ဍ

ဤအခန်းကဏ္ဍနှင့်ပတ်သက်၍ တက်ရောက်လာသူ၏ ၇၀% မှာ လိုင်စင်နှစ်မျိုးခွဲ၍လုပ်ဆောင်ရခြင်းအပေါ် ထပ်မံဖြည့်စွက်လိုခြင်းမရှိဘဲထောက်ခံကြပြီး ထို၇၀% အတွင်းမှ ၃၀%မှာ လိုင်စင်နှစ်မျိုးခွဲဆောင်ရသည့်အတွက်အခွန်ဆောင်ရာတွင် စရိတ်များမြင့်တက်လာမည့်ကိစ္စကိုသာဆွေးနွေးပြောဆိုခဲ့ကြသည်။ ကျန်တက်ရောက်သူ ၃၀% မှာ ထိုသို့ခွဲခြားပေးဆောင်စရာမလိုဘဲ လိုင်စင်တစ်မျိုးတည်းကိုသာ ပေးဆောင်စေလိုသည်။

### (၂)ကုန်ချောထုတ်လုပ်ခြင်းနှင့် ငါးရောင်းဝယ်ခြင်းလိုင်စင်ကိုမြို့နယ်မှပြည်နယ်အဆင့်အထိ အဆင့်ဆင့်တင်ပြရခြင်း

၇၂%သော ရေလုပ်ငန်းနှင့်ဆက်စပ်လုပ်ငန်းလုပ်ကိုင်သောလုပ်ငန်းရှင်များသည် ငါးခြောက်၊ ပုဇွန်ခြောက်လုပ်တာတို့၊ ငါးကောက်လိုင်စင်တွေကို မြို့နယ်မှ ပြည်နယ်အထိအဆင့်ဆင့်တင်ပြခြင်းအပေါ် သဘောမတူဘဲမြို့နယ်အဆင့်တွင်သာ one stop service ဖြင့်ပြီးပြတ်စေလိုသည်။ ၇၂% အတွင်းမှ အချို့သောရေလုပ်သားများကမူ မြို့နယ်ငါးလုပ်ငန်း ဦးစီးအနေဖြင့် မြို့နယ်မှကျေးရွာသို့ တိုက်ရိုက်ဆင်းကာလိုင်စင်လုပ်ပေးပါက ရေလုပ်သားများအတွက်ပိုမိုအဆင်ပြေစေသည်ဟုပြောပါသည်။ ကျေးရွာအထိလာရောက်လုပ်ပေးလျှင် ရေလုပ်သားများအနေဖြင့်လည်းလမ်းစရိတ်သက်သာမည်ဖြစ်ပြီး မြို့နယ်ငါးလုပ်ငန်းဦးစီးအနေဖြင့်လည်းယခင်ထက်အခွန်ငွေပိုမိုရရှိလာမည်ဖြစ်သည်။ မြို့နယ်အဆင့်တွင်သာပြီးပြတ်စေလိုသောရေလုပ်သားများ၏ပြောပြချက်အရ "ကြိုးနီစနစ် ကတော့လျှော့လေကောင်းလေဘဲ" ဟုပြောပါသည်။ ကျန် ၂၈% မှာကန့်ကွက်ခြင်းမရှိဘဲပေ။ အကြောင်းမှာ ၄င်းတို့သည် ငါးဖမ်းဆီးသည့်ရေလုပ်ငန်းတစ်မျိုးတည်း ကိုသာလုပ်ကိုင်သူများဖြစ်သောကြောင့် ၄င်းတို့နှင့်မသက်ဆိုင်ဟု ပြောကြား ခဲ့ကြသည်။

### (၃) ရေလုပ်သားတိုင်းရေလုပ်သားမှတ်ပုံတင်ရှိရန်

ဤအခန်းကဏ္ဍသည် ရေလုပ်သားများအတွက် အရေးကြီးသောအခန်းကဏ္ဍတစ်ခုဖြစ်ပြီး ၈၂%သော ရေလုပ်သားအများစုမှာ ရေလုပ်သားမှတ်ပုံတင်ရရှိရန်ထောက်ခံခဲ့ကြသည်။ ၁၁% သောရေလုပ်သားများမှာမူ လက်လုပ်လက်စားနှင့်ဆင်းရဲသားများ ဖြစ်သည့်အတွက် ရေလုပ်သားမှတ်ပုံတင်အား မြို့နယ်ငါးလုပ်ငန်းဦးစီးအနေဖြင့် ကျေးရွာသို့တိုက်ရိုက်ဆင်းကာလုပ်ဆောင် ပေးစေလိုပြီး မှတ်ပုံတင်ကြေးကို အနိမ့်ဆုံးသတ်မှတ်စေလိုသည်။ အကြောင်းမှာ ကျေးလက်နေလူထုအနေဖြင့် မြို့နယ်သို့သွားရောက်၍ရေလုပ်သားလိုင်စင်လုပ်ဆောင်ရာတွင် လမ်းခရီးစရိတ်အခက်အခဲရှိသောကြောင့်ဖြစ်သည်။ ထို့အပြင် ရေလုပ်သားမှတ်ပုံတင်အား အမှန်တကယ် ရေလုပ်ငန်းကျွမ်းကျင်သူများကိုသာ ထုတ်ပေးစေချင်ပြီး ရေလုပ်ငန်းတွင် ကမ်းနီးနှင့်ကမ်းဝေးနှစ်ပိုင်းရှိရာ ရေလုပ်သားကဒ် အား ကမ်းဝေးသမားများကိုသာ ထုတ်ပေးစေလိုသည်။ ကျန်၇%မှာ မေးခွန်းနှင့်မသက်ဆိုင်သောကိစ္စများကိုဖြေကြားခဲ့သည်။

### (၄) ဘုံငါးဖမ်းကွက်အတွင်းအခွန်လွတ်ကိရိယာမှအပ ကိရိယာလိုင်စင်ကြေးပေးဆောင်ရခြင်း

ဘုံငါးဖမ်းကွက်အတွင်းအခွန်လွတ်ကိရိယာမှအပ ကျန်ကိရိယာများကိုလိုင်စင်ကြေးပေးဆောင်ရခြင်းနှင့် ပတ်သက်၍ အုပ်စုလိုက်ဆွေးနွေးပွဲများတွင်ပါဝင်ဖြေဆိုသူ ၅၀% ကထပ်မံဖြည့်စွက်ခြင်းမရှိဘဲထောက်ခံခဲ့သည်။ ကျန်၅၀%မှာ ကိရိယာအသေးများကိုအခွန်မကောက်စေချင်ဘဲ စီးပွားဖြစ်လုပ်ကိုင်သော ပိုက်ကြီးများကိုသာ လိုင်စင်ကြေးပေးဆောင်စေလိုကြသည်။

ယခုအခန်းကဏ္ဍနှင့်ပတ်သက်၍ ဖြေဆိုသူများက ၄င်းတို့အနေဖြင့် အခွန်လွတ်ကိရိယာ ၁၆ မျိုးလုံးကိုသိရှိရန်လိုအပ်ကြောင်းပြောပါသည်။ လိုင်စင်ဆောင်ရုံဖြင့် ဖမ်းဆီးခွင့်ပြုသည့်ကိရိယာများကိုလည်း ရေလုပ်သားများအားမည်သို့သုံးစွဲရမည်ကို ရှင်းလင်းပြောကြားသင့်သည်ဟုဆိုကြသည်။





## အကြံပြုချက် (အခန်း၃)

| ဥပဒေဟောင်း | ပြင်ဆင်သင့်သည့်အချက် |
|---|---|
| ၄။ ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ~~ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည်~~သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ငါးဖမ်းကိရိယာလိုင်စင်ခပေးဆောင် ခြင်းဖြင့်ဖြစ်စေ၊ လုပ်ငန်းလိုင်စင်ရယူခြင်းဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ရမည်။ | ရေချို ငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်လိုသူ (သို့မဟုတ်) ရေလုပ်သားအစုအဖွဲ့သည် သတ်မှတ်သည့်နည်းလမ်း များနှင့်အညီ ငါးဖမ်းကိရိယာလိုင်စင်ခပေးဆောင်ခြင်းဖြင့်ဖြစ်စေ၊ လုပ်ငန်းလိုင်စင်ရယူခြင်းဖြစ်စေ၊ အငှားဂရမ်လိုင်စင်ရယူ၍ ဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ရမည်။ |
| ၇။ (က) နှစ်ရှည်ငှားဂရန်လျှောက်ထားခြင်း | (မည်သည့်အတွက်ဆိုသည်ကိုဖေါ်ပြသင့်) |
| | (ဃ) ပြုပြင်မွမ်းမံသည့် စက်ရုံတည်ဆောက်ခြင်း |
| ၉ ။ မြို့နယ်ဦးစီးဌာနမှူးသည်<br>(က) ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးဖမ်းကိရိယာအမျိုးအစား တစ်ခုခုဖြင့်ငါးဖမ်းလိုကြောင်း လျှောက်ထားလာလျှင် သတ်မှတ်ထားသည့်နည်းလမ်းများနှင့်အညီ ငါးဖမ်းကိရိယာလိုင်စင်ထုတ်ပေးနိုင်သည်။<br><br>(ခ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက မိမိလုပ်ငန်းတွင်ခန့်ထားအသုံးပြုမည့် လုပ်သားအတွက် ဖြစ်စေ၊ သတ်မှတ်ထားသည့်နည်းလမ်းများနှင့်ညီ ရေလုပ်သားများက မှတ်ပုံတင်လျှောက်ထားလာလျှင်ဖြစ်စေ ရေလုပ်သားမှတ်ပုံတင် ထုတ်ပေးနိုင်သည်။<br><br>(ဂ) မြစ်၊ ချောင်း၊ အင်း၊ အိုင်များ အားဘုံငါးဖမ်းကွက်များအဖြစ် ပြန်လည်လုပ်ပိုင်ခွင့်ရရှိရေးအတွက် လျှောက်ထားလာပါက ခရိုင်နှင့်ပြည်နယ် ဦးစီးဌာနမှူးမှတစ်ဆင့် ဝန်ကြီး၏ခွင့်ပြုချက်ဖြင့် ထုတ်ပေးနိုင်သည်။<br><br>(ဃ) ဘုံငါးဖမ်းကွက်များအားစည်းကမ်းနှင့်အညီ စနစ်တကျဆောင်ရွက်နိုင်ရေးအတွက် ရေလုပ်သားအဖွဲ့များကို ဖွဲ့စည်းခွင့်ပြုနိုင်သည်။ | ၁၀။ (က) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက မိမိ လုပ်ငန်းတွင်ခန့်ထားအသုံးပြုမည် လုပ်သားအတွက်ဖြစ်စေ၊ သတ်မှတ် ထားသည့် နည်းလမ်းများနှင့်အညီ ရေလုပ်သားများက မှတ်ပုံတင်လျှောက်ထားလာလျှင်ဖြစ်စေငါးဖမ်းကိရိယာလိုင်စင် ထုတ်ပေးနိုင်သည်။<br><br>(ခ) ဘုံငါးဖမ်းကွက်များဖြစ်သည့်မြစ်၊ချောင်း၊ အင်း၊အိုင်များအား လုပ်ကိုင်ခွင့် ရရှိရေးအတွက် လျှောက်ထားပါက ခရိုင် နှင့် ပြည်နယ်ဦးစီးဌာနမှူးမှတဆင့် ဝန်ကြီး၏ခွင့်ပြုချက်ဖြင့် ရေလုပ်သား မှတ်ပုံတင် ထုတ်ပေးနိုင်သည်၊<br><br>(ဂ) မြစ်၊ချောင်း၊ အင်း၊အိုင်များတွင် ရေလုပ်ငန်းလုပ်ကိုင်ခွင့် ရရှိရေးအတွက် လျှောက်ထားပါက ခရိုင် နှင့် ပြည်နယ်ဦးစီးဌာနမှူးမှတဆင့် ဝန်ကြီး၏ ခွင့်ပြုချက်ဖြင့် အငှားဂရမ်လိုင်စင်ကို ထုတ်ပေး နိုင်သည်။<br><br>(ဃ) ငါးဖမ်းကွက်များအား စည်းကမ်းနှင့် အညီစနစ်တကျ လျှောက်ထားလာပါကရေလုပ်သားဆောင်ရွက် နိုင်ရေးအတွက် ရေလုပ်သားအဖွဲ့များဖွဲ့စည်းနိုင်ရန် မြို့နယ်ဦးစီးမှ လိုင်စင်ထုတ် ပေးနိုင်သည်။ |

FINAL

# အခန်း(၄)

## အခွန်အခပေးဆောင်ခြင်း

ရေလုပ်ငန်းလုပ်ကိုင်ခြင်းအတွက်အခွန်အခများပေးဆောင်ရာတွင် ရေလုပ်ငန်းသုံးကိရိယာများအလိုက် သတ်မှတ်ထားသောအခွန်အခများကို ပွင့်လင်းမြင်သာမှုရှိရန် သတ်မှတ်နှုန်းထားအလိုက်အမျိုးအစားများကို ခွဲခြား ဖော်ပြသင့်သည်။ ထိုသို့ပေးဆောင်ရာတွင် ငွေကြေးပမာဏအနည်းအများပေါ်မူတည်၍ ပမာဏနည်းသူများက တစ် ကြိမ်တည်းတွင် ပေးဆောင်ရမည်ကို သဘောတူကြပြီး ပမာဏ များသူများက နှစ်ကြိမ်၊ သုံးကြိမ်၊ လေးကြိမ်စသည် ဖြင့် အရစ်ခွဲပေးသွင်းလိုကြသည်။ ထိုသို့ပေးဆောင်ရာတွင် ၎င်းတို့၏လုပ်ငန်းရာသီချိန်အလိုက် ခွဲ၍ ပေးသွင်းလိုကြသည်။ ဆိုလိုသည်မှာ ရေလုပ်ငန်းစတင်လုပ်ကိုင်သည့်အချိန်တွင်တစ်ကြိမ်၊ ရေလုပ်ငန်းရာသီပြီးဆုံး ကြိမ်တွင်တစ်ကြိမ်၊ နှင့်ကြားကာလများတွင် အရစ်ကျ ပေးသွင်းလိုသည့်ပုံစံမျိုးဖြစ်သည်။

ထိုသို့ပေးသွင်းရာတွင် ဥပဒေကြမ်းမှ ချမှတ်ထားသည့်အတိုင်းအခွန်အခများကို တစ်ကြိမ်တည်းပေးသွင်း မှုကိုသဘောတူသူ ၁၅% ရှိပြီး၊ နှစ်ရစ်ခွဲလိုသူ ၄၀% ၊ သုံးရစ်ခွဲလိုသူ ၃၅% နှင့် လေးရစ်ခွဲလိုသူ ၉% ရှိသည်။ ကျန် ၁% မှာလေးကြိမ်ထက်ပို ၍သွင်းလိုကြသည်။ အကြောင်းမှာ ၎င်းတို့သည် လက်ရှိလုပ်ကိုင်နေသော ပိုက်များမှာ ၎င်းတို့ကိုယ်ပိုင်ငွေဖြင့်ဝယ်ထားခြင်းမျိုးမဟုတ်ပဲ၊လုပ်ငန်းရှင်ကြီးများထံမှငွေချေး၍ဝယ်ထားကြရ သောကြောင့် ဖြစ်သည်။ ထို့ပြင် ရေလုပ်သားတစ်ဦးချင်းဆီအလိုက် ပိုင်ဆိုင်ထားသော ပိုက်အမျိုးအစားမှာ တစ်ခုထက်ပိုကြသည့်အတွက် ကိရိယာလိုင်စင်ပေးဆောင်မည်ဆိုပါက အမျိုးမျိုးအပြားပြား ပေးဆောင်ကြရမည် ဖြစ်သည်။ ထို့ကြောင့် လုပ်ငန်းလိုင်စင် တစ်မျိုးတည်းကိုသာ ပေးဆောင်လိုကြသည်။

## အကြံပြုချက် (အခန်း၄ )

FINAL

| ဥပဒေဟောင်း | ပြင်ဆင်သင့်သည့်အချက် |
|---|---|
| ၁၀။ ရေချိုငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည်သတ်မှတ် ထားသည့် အခွန်အခ များကို လက်ငင်းချေစနစ်ဖြင့် နေ့ချင်းပြီး အပြေအကျေပေးဆောင်ရမည်။ | ရေချိုငါးလုပ်ငန်းလုပ်ကိုင်ခွင့် ရရှိသူ (သို့) ရေချိုငါးလုပ်ငန်း လုပ်ကိုင်ခွင့် ရရှိသည့်ရေလုပ် သား အစုအဖွဲ့ |
| ၁၁။ ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင်~~ငါးဖမ်းကိရိယာ လိုင်စင် ရရှိသူ~~သည် ပေးဆောင်ရန်ရှိသောလိုင်စင်ခကိုသတ် မှတ်ထားသည့်နည်းလမ်းအတိုင်း ပေးဆောင်ရမည်။ | ငါးဖမ်းကိရိယာလိုင်စင် ရရှိသူ (သို့)ငါးဖမ်းကိရိယာလိုင်စင် ရရှိသည့်ရေလုပ်သားအစုအဖွဲ့ |
| ၁၂။ ~~နှစ်ရှည်အငှားဂရန်ရရှိသူ~~သည် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ အင်းခွန်နှင့် အခြားကျသင့်ငွေများကို ပေးဆောင်ရမည်။ | နှစ်ရှည်အငှားဂရန်ရရှိသူ(သို့) နှစ်ရှည်အငှားဂရန်ရရှိသည့်ရေလုပ် သားအစုအဖွဲ့ |
| ၁၄။ အအေးခန်းစက်ရုံတည်ထောင်ခြင်း၊ တည်ထောင်ခြင်း၊ ပြုပြင်မွမ်းမံစက်ရုံ တည်ထောင်ခြင်း ~~လုပ်ငန်းလုပ်ကိုင်ခွင့် ရရှိသူသည်~~ ပေးဆောင်ရမည့် အခွန်အခများကို ဦးစီးဌာနက သတ်မှတ်သည့်နည်းလမ်းများနှင့်အညီပေး ဆောင်ရမည်။ | အအေးခန်းစက်ရုံတည်ထောင်ခြင်း လုပ်ငန်လုပ်ကိုင်ခွင့် ရရှိသူ (သို့) အအေးခန်းစက်ရုံတည်ထောင်ခြင်း လုပ်ငန်လုပ်ကိုင်ခွင့် ရရှိသည့် ရေလုပ်သားအစုအဖွဲ့ |





# အခန်း(၅)

## ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏တာဝန်နှင့်ဆောင်ရွက်ခွင့်များ



ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏ တာဝန်နှင့်ဆောင်ရွက်နိုင်ခွင့်များ ရေလုပ်ငန်းလုပ်ကိုင်သူ၏ တာဝန်များနှင့်ပါတ်သက်သည့် အခန်းကဏ္ဍတွင် ပြဌာန်းထားသောအချက်အလက်များကို သဘောတူသူ၆၆% ရှိပြီး ကျန် ၃၄% မှာ ရေလုပ်ငန်း လုပ်ကိုင်ရာတွင်မှတ်ပုံတင်ရှိသော ရေလုပ်သားများကိုသာ ငှားရမ်းလုပ်ကိုင်ခွင့်ရှိသည်ဟူသော တာဝန်များအခန်းရှိ အမှတ်စဉ် (ဃ) ရေလုပ်သားမှတ်ပုံတင် ပါရှိသူကိုသာ လုပ်သားအဖြစ်ခန့်ထားရမည့်အချက် အားပါယ်ဖျက်လိုသည်။ ထို(၃၄%) မှာရေလုပ်ငန်းလုပ်ကိုင်သော လုပ်ငန်းရှင်များ ဖြစ်ကြသည်။ အကြောင်းမှာ ရေလုပ်သားများ၏ အနေအထားသည် လိုင်စင်ကဒ်ကို ကိုယ်တိုင် လုပ်နိုင်သော ငွေကြေးမရှိကြသည့်အတွက် လုပ်ငန်းရှင်များမှသာ လိုင်စင်ကဒ်လုပ်ဆောင်ပေးရသည်။ ထို့ကြောင့် လိုင်စင်ရှိသူကိုသာခန့်ထားရမည်ဆိုလျှင် လုပ်ငန်းရှင်များအတွက် အခက်တွေ့ရမည့်အခြေအနေဖြစ်သည်။

## အကြံပြုချက် (အခန်း၅ )

FINAL

| ဥပဒေဟောင်း | ပြင်ဆင်သင့်သည့်အချက် |
|---|---|
| ၁၆။ ~~ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ~~၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်။<br>(က) ပေးဆောင်ရန်ရှိသော အခွန်အခများကို ဦးစီးဌာနက သတ်မှတ်သည့် အတိုင်းပေးဆောင်ရမည်။<br>(ခ) အငှားဂရန်သို့မဟုတ် လိုင်စင်ပါစည်းကမ်းချက်များနှင့် ဦးစီးဌာနကအခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရမည်၊<br>(ဂ) ဦးစီးဌာနက တာဝန်းပေးအပ်ပါကငါးလုပ်ငန်းဆိုင်ရာ သုတေသနလုပ်ငန်းများကို ကူညီ ဆောင်ရွက်ပေးရမည်။<br>(ဃ) မိမိလုပ်ငန်းတွင်ဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် ရေလုပ်သားကိုသာခန့်ထားလုပ်ကိုင်ရမည်။ | ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ(သို့)ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသည့်ရေလုပ်သားအစုအဖွဲ့...... |

## ဆောင်ရွက်နိုင်ခွင့်များ

ဆောင်ရွက်နိုင်ခွင့်များအပိုင်းနှင့်ပါတ်သက်၍ ထပ်မံဖြည့်စွက်စရာမရှိဘဲသဘောတူကြပါသည်။ သဘောတူညီသူ များထဲမှ၁၁%မှာ ဆောင်ရွက်နိုင်ခွင့်များအပိုင်း အမှတ်စဉ်(ခ) ပြန်အမ်းငွေထုတ်ပေးရန်လျှောက်ထား နိုင်ခွင့်အပိုင်း တွင်ပြန်အမ်းငွေကိုသတ်မှတ်ချိန်အကြာဆုံးတစ်နှစ်အတွင်းပြန်လည်ထုတ်ပေးစေလိုပါသည်။ အမှတ်စဉ် (ဂ) အတွက် ထိခိုက်မှုများရှိခဲ့လျှင် ဆက်လက်လုပ်ဆောင်ခွင့်အပြင် နိုင်ငံတော်မှ ရေလုပ်သားများအတွက် အကူအညီ အထောက်အပံ့များပေးစေလိုသည်။

# အခန်း(၆)

## ရပ်ရွာအခြေပြုငါးလုပ်ငန်းစုပေါင်းစီမံခန့်ခွဲမှုစနစ် တည်ထောင်ခြင်းနှင့် လုပ်ငန်းများလုပ်ကိုင်ခြင်း

### ရပ်ရွာအခြေပြု ငါးလုပ်ငန်းစုပေါင်းစီမံခန့်ခွဲမှု

ကျေးရွာရေလုပ်သားများပါဝင်သော ရပ်ရွာအခြေပြု ငါးလုပ်ငန်းစုပေါင်းစီမံခန့်ခွဲမှုစနစ်တရပ်ကို ပါဝင်ဆွေးနွေးသူ ၉၆ % ကတည်ထောင်ရန် သဘောတူညီကြပြီးကျန် ၄% မှာ အသင်းအဖွဲ့စတင်ဖွဲ့စည်းရာတွင် မြို့နယ်အုပ်ချုပ်ရေးအပိုင်းမှ ညွှန်ကြားမှုပေးစေလိုပြီးအသင်းမှချမှတ်ထားသောစည်းမျည်းများ အတိုင်းအရေးယူမှုများဆောင်ရွက်ရာတွင် ကျေးရွာနှင့် မြို့နယ်ရှိ အုပ်ချုပ်ရေးပိုင်းများမှ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုသည်။ ထို့အပြင် အသင်းအဖွဲ့စတင်ဖွဲ့စည်းခြင်းကို လည်းမြို့နယ်ငါးလုပ်ငန်းဦးစီးထံမှခွင့်ပြုမိန့်ရယူလိုခြင်းမရှိပေ။ ခရိုင်တခုစီတွင် ငါးလုပ်ငန်းအဖွဲ့တခုထားရှိရမည့်အစား မြို့နယ်တခုစီတွင် ငါးလုပ်ငန်းအဖွဲ့တစ်ခုထားရှိခြင်းမှာပို၍သင့်လျော်မည်ဟုအကြံပြုကြပါသည်။




ကျေးရွာအခြေပြု ငါးလုပ်ငန်းစုပေါင်းစီမံခန့်ခွဲမှုအဖွဲ့အား ဖွဲ့စည်းရာတွင် ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးသူတို့အနေဖြင့် ထိုအဖွဲ့အား မည်သို့အကောင်အထည်ဖော်လိုသည်များကိုလည်းပါဝင်ဆွေးနွေးခဲ့ကြသည်။ ရေလုပ်သားများအနေဖြင့် ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ရာတွင် မတူညီသောပိုက်အမျိုးအစားများဖြင့်လုပ်ကိုင်လျှက်ရှိကြ သည့်အတွက် ကျေးရွာအခြေပြု အဖွဲ့များတည်ထောင်ရာတွင်လုပ်ငန်းတူအုပ်စုများအလိုက်အဖွဲ့ဖွဲ့စည်းစေလိုသည်။ ထို့အပြင်ရေလုပ်သားများဘက်မှ ရပ်တည်ပေမည့် ရေလုပ်သားများသာပါဝင်သောအဖွဲ့ကိုလည်းထပ်မံဖွဲ့စည်းစေလိုသ ည်။ သို့မှသာ ရေလုပ်သားများနှင့်အလုပ်ရှင်များကြားပဋိပက္ခများကိုဖြေရှင်းပေးနိုင်မည်ဖြစ်သည်။ ထို့အပြင်ကျေးရွာအခေ ခြပြုအဖွဲ့များဖွဲ့စည်းပြီးသည့်နောက် တွင် ပြဿနာများဖြေရှင်းရပါက အရေးယူမှုများကိုတိတိကျကျဆောင်ရွက်နိုင်ရန် အာဏာရှိသောအဖွဲ့အစည်းများမှ ကူညီ ထောက်ခံပေးရန်လိုအပ်ကြောင်းလည်းပြောကြသည်။





## အကြံပြုချက် (အခန်း၆ )

| ဥပဒေဟောင်း | ပြင်ဆင်သင့်သည့်အချက် |
|---|---|
| (၁၉) ~~ရခိုင်ပြည်နယ်အတွင်း ငါးလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရာတွင် ပိုပိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရန်အတွက် ခရိုင်တစ်ခုလျှင် ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့ အနည်းဆုံးတစ်ဖွဲ့ကိုဖြစ်စေ တစ်ဖွဲ့ထက်ပို၍ ဖြစ်စေဖွဲ့စည်းရမည် ။~~ | |
| (၃) မြို့နယ်ဦးစီးဌာနမှူးသည် ရေလုပ်ငန်းလုပ်ကိုင်သူများမှ ရပ်ရွာအခြေပြုရေလုပ်ငန်းအစုအဖွဲ့များတည်ထောင် လုပ်ကိုင်လိုကြောင်းလျှောက်ထားလာပါက စနစ်တကျ တည်ထောင်လုပ်ကိုင်နိုင်ရေးအတွက်ဆောင်ရွက်ပေးရမည်။ | (၃) မြို့နယ်ဦးစီးမှူးသည် ရပ်ရွာရေလုပ်သားအစုအဖွဲ့များအား ချမှတ်ထားသော ရေညွှန်းချက်များ၊ သတ်မှတ်ချက်စံနှုန်းများနှင့်ကိုက်ညီပါက သက်ဆိုင်ရာဒေသ၏ သတ်မှတ်ထားသော ငါးလုပ်ငန်း ရေပြင်တွင် ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့ ပိုင်စီမံခန့်ခွဲမှုလိုင်စင်အား အချိန်နှင့်တပြေးညီ ထုတ်ပေးရမည်။<br>၎င်းသတ်မှတ်ထားသော ရပ်ရွာအခြေပြုငါးလုပ်ငန်းစီမံခန့်ခွဲမှုရေပြင်တွင် သက်ဆိုင်ရာ၄င်းအစု အဖွဲ့မှ ကိုယ်ပိုင်စီမံခန့်ခွဲမှု ရေရှည်တည်တံ့ရေးအတွက်ထိန်းသိမ်းမှုများ တရားမဝင်ငါးဖမ်းဆီးမှုများနှင့် ရေပိုင်နက်ကျူးလွန် ငါးဖမ်းဆီးမှုများကိုလည်းသက်ဆိုင်ရာသတ်မှတ်ထား သောရေလုပ်ငန်းအစုဖွဲ့မှ စဉ်ဆက် မပြတ်စောင့်ကြည့်လေ့လာတားဆီးမှုများကို ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ(၁၈)နှင့်အညီ စီမံခန့်ခွဲ ရမည်။ |
| (၄) မြို့နယ်ဦးစီးဌာနမှူးသည် သတ်မှတ်စည်းမျဉ်း၊ စည်းကမ်းများ နှင့် ကိုက်ညီပါက ခရိုင်ဦးစီးဌာနမှူး၏ အတည်ပြုချက်ဖြင့် ရပ်ရွာအခြေပြု ရေလုပ်ငန်းတည် ထောင်လုပ်ကိုင်ခွင့်ကိုမှတ်ပုံ တင်ပေရမည်။ | (၄) ငါးလုပ်ငန်းဦးစီးဌာနမှ ရပ်ရွာရေလုပ်သားစုပေါင်းစီမံခန့်ခွဲသောစနစ်ကို တည်ဆောက်နိုင်ရန်အတွက် အဖွဲ့တွင်း စည်းမျဉ်းစည်းကမ်းများကို ချက်မှတ်ရာတွင် ငါးလုပ်ငန်းဦးစီးဌာနမှ လမ်းညွှန်ချက်များပံ့ပိုးပေးရမည်။ |
| (၈) က။ ရပ်ရွာအတွင်းကြီးမားသော ပဋိပက္ခအသွင်ဆောင်သည့် အငြင်းပွားမှုများပေါ်ပေါက်ခြင်း၊<br>ခ။ ရပ်ရွာအခြေပြုရေလုပ်ငန်း အဖွဲ့ဝင်များကနစ်နစ် ဆက်တိုက်လုပ်ကိုင်ဆောင်ရွက်ရန် ပျက် ကွက်ခြင်း | (၈) (က) ဥပဒေနှင့်အညီ ဆောင်ရွက်ရန်ပျက်ကွက်လျှင်<br>(ခ)အကယ်၍ ရေလုပ်သားအစုအဖွဲ့ အဖွဲ့ဝင်များမှ ဆက်လက်လုပ်ကိုင်လိုစိတ်မရှိတော့သည့်အခါ |
| (၉) ငါးသယံဇာတ ထိန်းသိမ်းရေးအတွက် ငါးရစ်ငါသန်း ကာလတွင် ငါးဖမ်းဆီးခြင်းမပြုရန် သက်ဆိုင်ရာငါးလုပ်ငန်း ဦးစီးဌာနမှ သတ်မှတ်ဆောင်ရွက်ရမည်။ | (၉) ရပ်ရွာရေလုပ်သားအစုအဖွဲ့၏စည်းမျဉ်းစည်းကမ်းများသည် ပြည်နည်ရေချိုငါးလုပ်ငန်းဥပဒေ၏ ငါးမဖမ်းရရာသီ တရားမဝင် ငါးဖမ်းကိရိယာများ၊ အခြားသောဖေါ်ပြချက်များနှင့်ကွဲလွဲမှုမရှိစေရ။ |
| (၁၀) ရပ်ရွာအခြေပြုရေလုပ်ငန်းအဖွဲ့များအတွက် လိုအပ်သည့် ရင်းနှီးမြုပ်နှံငွေများကို လျှောက်ထားလာပါက ပြည်နယ်အစိုးရအဖွဲ့မှ လိုအပ်သလိုစီးစစ်ပြီး ထုတ်ချေပေးရမည်။ | (၁၀) ရပ်ရွာရေလုပ်သားအစုအဖွဲ့မှ လိုအပ်သည့်ရင်နှီးမြုပ်နှံရန်ငွေကြေးလျှောက်ထားလာပါက ပြည်နယ်အစိုးရမှ လိုအပ်သလိုစီစစ်မှု များပြုလုပ်၍ငွေကြေးထုတ်ချေးနိုင်သည်။ |

FINAL

## အကြံပြုချက် (အခန်း ၈၉) တာဝန်နှင့်လုပ်ပိုင်ခွင့်များ

| ဥပဒေဟောင်း | ပြင်ဆင်သင့်သည့်အချက် |
|---|---|
| ၃၀။(ဃ) ငါးလုပ်ငန်း ရေရှည်တည်တံ့ရေးအတွက် သုတေသနလုပ်ငန်း များ၊ ပညာပေးရေးလုပ်ငန်းများတွင် လိုအပ်သောအသုံးစရိတ်များကို ဘဏ္ဍာရေး စည်းမျဉ်းနှင့်အညီ ခွင့်ပြုခြင်း၊ သုံးစွဲခြင်း။ | ၃၀။ (ဃ)ငါးလုပ်ငန်းရေရှည်တည်တံ့ရေးလုပ်ငန်းနှင့် သုတေသနလုပ်ငန်းများ၊ပညာပေးဟောပြောခြင်း ဆောင်ရွက်ရာတွင် လိုအပ်သော အသုံးစရိတ်များကိုဘဏ္ဍာရေး စည်းမျဉ်းနှင့်အညီကောက်ခံခြင်း၊ သုံးစွဲခြင်း တို့ကိုဆောင်ရွက်ခြင်း။ |
| ၃၇။(က) ရေချိုငါးလုပ်ငန်းရေပြင် တစ်ခုခုတွင် ငါးလုပ်ငန်းရေပြင်အမျိုးအစား ပြောင်းလဲသတ်မှတ်ခြင်း၊ အငှာဂရန်အင်း (သို့) ငါးဖမ်းကွက် အသစ်မှတ်သတ်မှတ်ခြင်း။ | ၃၇။ (က)ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် အငှားဂရန်အင်း သို့မဟုတ် အငှားဂရန်ငါးဖမ်းကွက်အသစ် သတ်မှတ်ခြင်း။ |



## ငါးမဖမ်းရရာသီနှင့်နေရာများသတ်မှတ်ခြင်း

ငါးမဖမ်းရရာသီသတ်မှတ်ခြင်းအပိုင်းနှင့်ပါတ်သက်၍ လေ့လာရာတွင် နေရာဒေသအလိုက် ရေလုပ်သားများ၏ အမြင်များ သည်မတူညီဘဲကွဲပြားမှုများရှိနေကြသည်။ လေ့လာခဲ့သောမြို့နယ်များအနက် သံတွဲနှင့်တောင်ကုတ်မြို့နယ်တို့ ရှိ ရေလုပ်သားများက "ငါးပြုန်းတီးမှုဟာတောင်တွေမှာသစ်တောတွေပြုန်းတီးလာတာနှင့်လည်းဆိုင်မယ်ထင်ပါတယ်ရခိုင်ဒေသမှာကပင်လယ်တခုပဲရှိတာမဟုတ်ပါဘူးရိုးမတောင်တန်းကြီးလည်းရှိပါတယ်။ဂေဟာစနစ်ပျက်စီးမှုကြောင့်လည်းဖြစ်နိုင်မယ်ထင်ပါတယ်။ငါးဖမ်းရာသီ၊ငါးမဖမ်းရရာသီနှင့်ငါးမဖမ်းရ ရေပြင်သတ်မှတ်ထားတာကိုကြိုက်ပါတယ်ဒါမှငါးပြုန်းတီးမှုနည်းသွားမှာ" ဟူ၍ ၎င်းတို့၏အမြင်ကိုပြောကာ ငါးမဖမ်းရရာသီသတ်မှတ်ခြင်းကိုသဘောတူပါသည်။

မြေပုံ၊ ကျောက်ဖြူနှင့် ဂွ မြို့နယ်ရှိရေလုပ်ငန်းသမားများမှာမူ ငါးမဖမ်းရရာသီသတ်မှတ်ခြင်းကို သဘောမတူကြပါ။ အကြောင်းမှာ လက်လုပ်လက်စားအများစုပြီး ဒေသ၏အနေအထားအရ ရေလုပ်ငန်းသည် အဓိကကျသော အသက်မွေးဝမ်းကြောင်းလုပ်ငန်းတခုဖြစ်ပြီးအခြားသောအလုပ်အကိုင်အခွင့်အလမ်းများရှားပါးသောကြောင့်ဖြစ်သည်။ ဂွမြို့နယ်အနေဖြင့် မူပင်လယ်ပြင်ငါးလုပ်ငန်းလုပ်ကိုင်သောဒေသဖြစ်သောကြောင့်ရေလုပ်သားများက "ပင်လယ်မှာငါးမဖမ်းရရာသီသတ်မှတ်လို့မရဘူး.....ငါးတွေကရာသီစက်ဝိုင်းအလိုက်လည်နေတာ ကိုယ်မဖမ်းလည်း သူများကဖမ်းမှာဘဲ" ပြောကြပါသည်။

ရမ်းဗြဲမြို့နယ်တွင် ဇွန်၊ဇူလိုင်၊ဩဂုတ်လများတွင် ငါးမဖမ်းရရာသီသတ်မှတ်လိုကြသည်။ သို့သော် ၎င်းတို့အနေဖြင့် ငါးမဖမ်းရရာသီတွင် ရေလုပ်သားများအတွက် အစားထိုးလုပ်ငန်းလုပ်ကိုင်ရန် အရင်းအနှီးမရှိသောကြောင့်ကမ်းဝေးငါးဖမ်းခွင့်ပေးရန်နှင့် အတိုးမဲ့ချေးငွေများ ချေးပေးရန် တင်ပြကြသည်။

ပေါက်တောမြို့နယ်တွင်မူ ငါးရစ်ငါးသန်ချိန်ဖြစ်သော ဧပြီ၊ မေ နှစ်လသာ ကကတစ်များကိုဖမ်းဆီးသောကြောင့် ငါးရစ်ငါးသန်ချိန်တွင်ငါးမဖမ်းရရာသီသတ်မှတ်ခြင်းကိုသဘောမတူပါ။

ကျောက်ဖြူလီမြို့နယ်ခွဲရှိ ရေလုပ်သားများမှာမူ ဒေသ၏ရေလုပ်ငန်းလုပ်ကိုင်သည့်ပုံစံမှာ ၆လလုပ်၆လနားပုံစံဖြစ်သည်။ ဆိုလိုသည်မှာ ဒေသရှိရေလုပ်ငန်းသမားများသည် တစ်နှစ်တွင် ၆လသာငါးဖမ်းပြီး ကျန်အချိန်များတွင် ရေလုပ်ငန်းလုပ်ရန်ပြင်ဆင်ခြင်း ဥပမာ ပိုက်ဖာခြင်း၊ စက်လှေပြင်ဆင်ခြင်းစသည့်လုပ်ငန်းများသာလုပ်ကိုင်ကြသည်။

ခြုံငုံသုံးသပ်ရပါလျှင် ငါးမဖမ်းရရာသီနှင့်နေရာသတ်မှတ်ခြင်းကို ရေလုပ်သား ၆၂% ကသဘောမတူဘဲ ၃၂% က သာသဘောတူခဲ့ပါသည်။ ကျန် ၆% မှာ ၆လသာငါးဖမ်းဆီးသူများဖြစ်သည်။





# အခန်း(၁၁)

## စစ်ဆေးခြင်းနှင့်အရေးယူခြင်း

### စီမံခန့်ခွဲရေးနည်းလမ်းနှင့်ပြစ်မှုကြောင်းအရအရေးယူခြင်း

လေ့လာခဲ့သောမြို့နယ်(၁၀)ခုလုံးတွင်အုပ်စုလိုက်ဖြေဆိုခဲ့သောရေလုပ်သားများ၏၃၄% မှာရခိုင်ပြည်နယ်ရေချိုငါးလုပ်ငန်းဥပဒေမူကြမ်းတွင်ပါရှိသောအရေးယူခြင်းနှစ်မျိုးတွင်စီမံခန့်ခွဲရေးနည်းလမ်းဖြင့်အရေးယူခြင်း(ငါးလုပ်ငန်းဦးစီးမှအရေးယူခြင်း)ကိုသာလျှင်လက်ခံလိုကြသည်။ပြစ်မှုကြောင်းအရအရေးယူလျှင်၎င်းတို့သည်လက်လုပ်လက်စားများဖြစ်၍တရားရုံးတွင်သွားရောက်ရင်ဆိုင်ရာတွင်သွားလာရေးကုန်ကျစရိတ်၊ရုံးတွင်းကုန်ကျစရိတ်အပြင်ပြစ်မှုအရထောင်ဒဏ်ကျခံရလျှင်လည်းမိသားစုစားဝတ်နေရေးကိုထိခိုက်စေနိုင်၍ဖြစ်သည်။ကျန်၆၆%သောရေလုပ်သားများကပြစ်ဒဏ်နှစ်ရပ်လုံးကိုသဘောတူကြသည်။သို့သော်အရေးယူရာတွင်မူမည်သည့်ပြစ်မှုမျိုးအတွက်မည်မျှအရေးယူမည်ကိုမူတိကျစွာပွင့်လင်းမြင်သာမှုရှိစွာဖော်ပြထားသင့်ကြောင်း"တစ်သောင်းတန်သည့်အရာကိုနှစ်သောင်း၊သုံးသောင်းတောင်းပါသည်။မပေးနိုင်ပါကပိုက်များကိုသိမ်းဆည်းသွားသည်။ သွားရောက်ရွေးယူရသဖြင့်အခက်အခဲများစွာရှိသည်" ဟူ၍ပြောကြားကြပါသည်။ထို့ပြင်ပြစ်မှုတစ်ခါကျူးလွန်ရုံဖြင့်အရေးမယူစေလိုပဲပထမအကြိမ်တွင်သတိပေးခြင်းနှင့်ဒုတိယအကြိမ်တွင်မှအရေးယူခြင်းကိုပြုလုပ်စေလိုကြသည်။အရေးယူရုံသာမကပညာပေး၍ရှင်းလင်းပြောကြားခြင်းများလည်းပြုလုပ်သင့်ကြောင်းပြောကြားကြသည်။

### ငါးဖမ်းကိရိယာများကိုပြည်နယ်ဦးစီးမှူးမှဒဏ်ကြေးငွေပေးဆောင်စေ၍ပြန်လည်ရွေးယူခွင့်ပြုခြင်း

ရခိုင်ပြည်နယ်ရေချိုငါးလုပ်ငန်းဥပဒေမူကြမ်းတွင်ပါရှိသောစီမံခန့်ခွဲရေးနည်းလမ်းဖြင့်အရေးယူရာတွင် ဖမ်းဆီးထားသောငါးဖမ်းကိရိယာများကိုပြည်နယ်ဦးစီးမှူးကဒဏ်ကြေးငွေသတ်မှတ်ပေးဆောင်စေ၍ပြန်လည်ရွေးယူခွင့်ပြုနိုင်ခြင်းအပေါ်တွင်ကျေးလက်ရေလုပ်သားများ၏သဘောထားကိုကောက်ခံခဲ့ရာတွင်ပါဝင်ဖြေဆိုသူ ၅၀% မှ သဘောတူလက်ခံကြသည်။သို့သော်၄၁% မှာမူသိမ်းဆည်းပစ္စည်းများကိုပြန်လည်ရွေးယူရာတွင်မြို့နယ်အဆင့်တွင်ပြီးပြတ်စေလိုကြသည်။မြို့နယ်ဦးစီးမှူးထံမှရွေးယူနိုင်လျှင်၎င်းတို့အနေဖြင့်သွားလာရေးကုန်ကျစရိတ်များသက်သာနိုင်၍ဖြစ်သည်။ ထို့ပြင်၉%သောရေလုပ်သားများက"မြို့နယ်ဦးစီးထက်ကျေးရွာအဆင့်တွင်ပင်ပြီးပြတ်လျှင်ပို၍ကောင်းမည်"ဟုပြောကြားကြသည်။ရေလုပ်သားများသည်သတ်မှတ်ဒဏ်ကြေးပေးဆောင်၍ပြန်လည်ရွေးယူခွင့်ပြုရာတွင်ပွင့်လင်းမြင်သာသောသတ်မှတ်ဒဏ်ကြေးပါဝင်သောပြေစာဖြတ်ပိုင်းများနှင့်သာပေးဆောင်လိုကြသည်။

### သိမ်းဆည်းငါးဖမ်းကိရိယာများကိုထုခွဲရောင်းချနိုင်ခွင့်ပြည်နယ်ဦးစီးထံတွင်ရှိခြင်း

ဥပဒေမူကြမ်းပါရှိသောပြည်နယ်ဦးစီးမှူး၏လုပ်ပိုင်ခွင့်ရှိဖမ်းဆီးထားသောငါးဖမ်းကိရိယာများနှင့်ပိုင်ရှင်ရှိရေယာဉ်များအားထုခွဲရောင်းချ၍ပြည်နယ်ဘဏ္ဍာအဖြစ်အသုံးပြုနိုင်ခွင့်နှင့်ပတ်သတ်၍ရေလုပ်သား၆၃%မှာဖမ်းဆီးပစ္စည်းများကိုပထမဦးစွာပိုင်ရှင်အားဦးစားပေးပြီးလေလံပေးသင့်ကြောင်း၊သတ်မှတ်ဒဏ်ကြေးဖြင့်သာပြန်လည်ရွေးယူလိုကြကြောင်း၊ထုခွဲရောင်းချခြင်းကိုလက်မခံလိုကြောင်းနှင့်ပိုင်ရှင်မဲ့ပစ္စည်းများထုခွဲရောင်းချပြီးလျှင်လည်းရေလုပ်သားများအတွက်အကျိုးရှိပြီးအထောက်အပံ့ပေးနိုင်မည့်နေရာတွင်အသုံးပြုစေလိုကြောင်းပြောကြသည်။ယခုလုပ်ပိုင်ခွင့်ကိုလည်းပြည်နယ်ဦးစီးမှူးအစားမြို့နယ်ဦးစီးမှူး၏လုပ်ပိုင်ခွင့်ဆိုလျှင်ပို၍သင့်လျော်နိုင်ကြောင်းပြောကြသည်။ကျန်၃၇% မှာလက်ခံသဘောတူကြသည်။


## ပြစ်ဒဏ်များအပေါ်အကြံပြုချက်

ပြစ်မှုကြောင်းအရတရားစွဲဆိုအရေးယူရာတွင်ချမှတ်နိုင်သောပြစ်ဒဏ်များအားဆွေးနွေးရာတွင်ယခုလက်ရှိဥပဒေကြမ်းတွင်ပါရှိသည့်ပြစ်ဒဏ်များကိုဖြေဆိုသူ၄၈% လက်ခံကြသည်။"ယခင်ကထောင်ဒဏ် (၇)နှစ်အထိချတာကိုမြင်ဖူးတယ်၊ ဒါကြောင့်အခုထောင်ဒဏ် (၂)နှစ်အထိပဲဆိုတော့နည်းသွားတော့ကြိုက်ပါတယ်"ဟုမှတ်ချက်ပြုသည်။သို့သော်ထောင်ဒဏ်နှင့်ငွေဒဏ်နှစ်ရပ်တွင်ငွေဒဏ်တစ်မျိုးတည်းသာလိုချင်ကြပြီးထောင်ဒဏ်သည်၄င်းတို့အတွက်သွားလာရေးကုန်ကျစရိတ်၊ တရားရင်ဆိုင်ရသောအချိန်တွင်အလုပ်မလုပ်ရသဖြင့်ဝင်ငွေလျော့ခြင်း၊တရားရုံးသို့သွားရောက်၍တရားရင်မဆိုင်လိုကြခြင်းများကြောင့်၄၃% သောရေလုပ်သားများကမြို့နယ် (သို့) ကျေးရွာအဆင့်တွင်ပင်ငွေဒဏ်ချမှတ်ခြင်းသည်ပိုမိုသင့်လျော်ကြောင်းတင်ပြအကြံပြုဆွေးနွေးကြသည်။ကျန်ရေလုပ်သား၉% မှာမူလုပ်ငန်းပမာဏအကြီးအသေးပေါ်မူတည်၍ပြစ်ဒဏ်များကိုခွဲခြားသတ်မှတ်ပေးသင့်ပြီးအဆိပ်ဆေးချခြင်းရေမိုင်းခွဲခြင်းစသည့်ဓာတုဗေဒပစ္စည်းများ ဖြင့်ငါးဖမ်းပြီးဂေဟစနစ်ကိုဖျက်ဆီးသော၊သဘာဝပတ်ဝန်းကျင်ကိုထိခိုက်စေသူများကိုမူထောင်ဒဏ် (၁၀) နှစ်အထိကျခံသင့်ကြောင်းဆွေးနွေးကြပါသည်။

## အခန်း(၁၁)

### အယူခံဝင်ခြင်း

#### အဆင့်ဆင့်အယူခံလျှောက်ထားနိုင်ခြင်း



ဥပဒေမူကြမ်းတွင်ပါဝင်သောရေလုပ်သားများကိုဥပဒေအရအရေးယူရာတွင်စီမံခန့်ခွဲခြင်းနည်းအားဖြင့်အရေးယူမှု၌မြို့နယ်မှခရိုင်သို့အယူခံဝင်ရက်(၃၀)၊ခရိုင်မှပြည်နယ်သို့ရက်(၆၀) အတွင်းအယူခံဝင်နိုင်ပြီးပြည်နယ်ဦးစီးမှူးမှပြည်နယ်ဝန်ကြီးနှင့်ပြည်နယ်ဝန်ကြီးထံမှပြည်နယ်အစိုးရထံသို့အယူခံဝင်ရက်(၆၀) စီသတ်မှတ်ထားသည်။ ကျေးလက်လူထုသဘောထားကောက်ခံခဲ့ရာတွင်ရေလုပ်သားများတွင်အချို့ကရက်တိုတိုဖြင့်အယူခံဝင်ရလျှင်၄င်းတို့အတွက်ပို၍အဆင်ပြေပြီးလုပ်ငန်းများကိုမြန်မြန်ဆန်ဆန်ဆက်လက်လုပ်ဆောင်မည်ဟုယူဆကြပြီးအချို့မှာမူအယူခံဝင်ရက်များခြင်းသည်၄င်းတို့အတွက်ပြင်ဆင်ချိန်ပိုမိုရရှိနိုင်သည်ဟုမှတ်ယူကြသည်။ ထို့ကြောင့်အယူခံဝင်ရက်များကိုအဆင့်တိုင်း တွင်ရက်(၃၀)စီသာသတ်မှတ်လိုသူ ၃၀% ရှိပြီး၊ ရက်(၃၀)နေရာတွင်ရက်(၆၀) နှင့်ရက်(၆၀) နေရာတွင်ရက်(၉၀) ပြောင်း၍သတ်မှတ်လိုသူ၁၀% ရှိသည်။ ကျန်၆၀% မှာဥပဒေမူကြမ်းပါသတ်မှတ်ချက်အတိုင်းသဘောတူလက်ခံကြသည်။

## အခန်း (၉)

### တားမြစ်ချက်

တားမြစ်ချက်အခန်းကဏ္ဍတွင်ကျောက်၊ကျောက်စရစ်၊သဲ၊မြေထုတ်လုပ်ခြင်းနှင့်ပတ်သတ်၍ဥပဒေမူကြမ်းတွင်တားမြစ်ချက်အသစ်တရပ်ကိုထည့်သွင်းဖော်ပြထားရာတွင်ရေလုပ်သားများအားလုံးက၄င်းတို့နှင့်သက်ဆိုင်ခြင်းမရှိ၍လည်းကောင်း၊ ရေလုပ်ငန်းအပေါ်တွင်ထိခိုက်စေသောလုပ်ဆောင်မှုဖြစ်နေလျှင်တားမြစ်အရေးယူသင့်ကြောင်းနှင့်ဂေဟစနစ်မပျက်အောင်ထိန်းသိမ်း၍ငါးသယံဇာတများကိုလည်းထိန်းသိမ်းသင့်သောကြောင့်တားမြစ်သင့်ကြောင်းထောက်ခံဆွေးနွေးအကြံပြုကြသည်။





## ဥပဒေဆိုင်ရာအကြံပြုချက်များ

ရေလုပ်သားအများစုက၄င်းတို့အတွက်ရခိုင်ပြည်နယ်အစိုးရထံမှထောက်ပံ့အကူအညီ(ချေးငွေ) ကဏ္ဍကိုဥပဒေတွင်ထည့်သွင်းစေလိုကြသည်။ပြည်နယ်အစိုးရအနေဖြင့်ရေလုပ်ငန်းနှင့်ပတ်သတ်ပြီးရေထွက်သယံဇာတများကိုထိန်းချုပ်ကိုင်တွယ်ပြီးပြည်နယ်တွင်းခွဲပြီးမကျိုးရှိအောင်ဆောင်ရွက်ပေးစေလိုသည်။ထို့အပြင်ပြည်နယ်တွင်လိုင်စင်ဆောင်ပြီးလျှင်မြို့နယ်အားလုံးတွင်သွားရောက်လုပ်ကိုင်ခွင့်ပေးစေလိုကြသည်။နိုင်ငံတကာအဆင့်မှီစကရုံများကိုပြည်နယ်အစိုးရမှထောက်ပံ့မှုဖြင့်တည်ဆောက်ပြီးနိုင်ငံတကာစံချိန်မှီအရည်အသွေးကောင်းသောရေထွက်ပစ္စည်းများထုတ်လုပ်တင်ပို့ရောင်းချနိုင်လိုကြသည်။

### အကြံပြုချက် (အခန်း၁၃၊ ၁၄၊ ၁၅ )

| အခန်း | ဥပဒေဟောင်း | ပြင်ဆင်သင့်သည့်အချက် |
|---|---|---|
| အခန်း(၁၃)တားမြစ်ချက်များ | | (ထပ်မံဖြည့်စွက်ရန်)<br>၅၈(ဃ)မည်သူမဆိုတရားမဝင် ငါးဖမ်းကရိယာများကိုပိုင်ဆိုင်ခြင်း၊ လက်ဝယ်ထားရှိခြင်း ၊<br>ရောင်းဝယ်ဖောက်ကားခြင်း၊ အသုံးပြုခြင်းများကိုမပြုလုပ်ရ။ |
| အခန်း (၁၄)ပြစ်ဒဏ်များ | | (ထပ်မံဖြည့်စွက်ရန်)<br>၆၆ (ဂ) မည်သူမဆို  ပုဒ်မ ၅၈ (ဃ)ပါ ပြဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်းပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအားကျပ်တစ်သိန်းထက်မပိုသော ငွေဒါဏ်ဖြစ်စေ၊<br>တစ်နှစ်ထက် မပိုသောထောင်ဒါဏ်ဖြစ်စေ၊<br>ဒါဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။ |
| | | နောက်ပိုင်းပြုပြင်ပြောင်းလဲမှုများ<br>ပြုလုပ်ရာတွင် ခက်ခဲမှုများရှိနိုင်သည့် အတွက်ပြစ်ဒဏ်အသေးစိတ်ကိုနည်းဥပဒေ တွင်သာဖေါ်ပြသင့်ပါသည်။ |
| အခန်း (၁၅)အထွေထွေ | ၇၄။ ဦးစီးဌာနသည် ဂရန်အင်း၊ သီးသန့်အင်း၊ ငါးဖမ်းကွက် ၊ ဘုံငါးဖမ်းကွက်၊ နယ်နိမိတ်ပြမြေပုံများကိုနှစ်စဉ်ပြည်နယ်အစိုးရအဖွဲ့၏အတည်ပြုချက်ဖြင့်နှစ်စဉ်ပြုစုရေးဆွဲထားရမည်။<br>ထိုသို့ရေးဆွဲရာတွင်နယ်စပ်ထိစပ်ရေပြင်များအတွက်ငါးလုပ်ငန်းစီမံခန့်ခွဲမှုကို သီးခြားပြုစုရေးဖွဲ့ ထားရမည်။ | ၇၄။ ဦးစီးဌာနသည် ဂရန်အင်း၊ သီးသန့်အင်း၊ ဘုံငါးဖမ်းကွက်၊<br>အငှားဂရန်ငါးဖမ်းကွက်၊ နယ်နိမိတ်ပြမြေပုံများကိုနှစ်စဉ်ပြည်နယ်အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့်ပြုစုရေးဆွဲထားရမည်။ |

# နောက်ဆက်တွဲ(၁)

## သုတေသနနည်းစနစ်

ရခိုင်ရေချိုငါးလုပ်ငန်းဥပဒေတတိယမူကြမ်းအပေါ် ကျေးလက်နေပြည်သူများ၏ သဘောထားဆန္ဒ ရရှိနိုင်ရန်အတွက် ကွင်းဆင်းလေ့လာမှုများပြုလုပ်ရန်လိုအပ်သည်။ ထို့ကြောင့်ရခိုင်ပြည်နယ်ရှိ မြို့နယ်များ အနက်မှ ရေလုပ်ငန်းလုပ်ကိုင်မှုပုံစံအမျိုးမျိုးအပေါ် ကိုယ်စားပြုနိုင်သော မြို့နယ်များ နှင့် ကျေးရွာများကို ရွေးချယ်လေ့လာခဲ့ပါသည်။ ရေလုပ်သားများ၏ ဥပဒေမူကြမ်း တခုလုံးအပေါ်ခြုံငုံမိသောအချက်အလက်များ ကိုရရှိရန်အတွက် Quantative သုတေသနပြု နည်းနာကို အသုံးပြုခဲ့သည်။ သုတေသနပြုရာတွင် ရခိုင်ပြည်နယ် ၏ပထဝီအနေအထားအရ မြောက်ပိုင်းအားကိုယ်စားပြုသော မြို့နယ်နှစ်ခုနှင့် တောင်ပိုင်းကို ကိုယ်စားပြုသော မြို့နယ် ခြောက်ခုအားရွေးချယ်ကာ အဖွဲ့နှစ်ဖွဲ့ခွဲပြီးလေ့လာမှုပြုလုပ်ခဲ့သည်။

လေ့လာမှုပြုလုပ်သည့် အဖွဲ့တဖွဲ့ချင်းစီတွင် လွှတ်တော်အမတ်များ၊ ဒေသခံ NGO များ၊ INGO မှဝန်ထမ်းများ၊ DOF မှ ဝန်ထမ်းများ၊ နိုင်ငံတာ ဓါတ်ပုံပညာရှင်နှင့် မှတ်တမ်းတင်သူ သတင်းမီဒီယာများပါဝင်ခဲ့ကြသည်။ ရခိုင်ပြည်နယ်တောင်ပိုင်းသို့သွားရောက်လေ့လာခဲ့သောအဖွဲ့တွင် အဖွဲ့ဝင် (၁၂) ဦးပါဝင်ပြီး ကျောက်ဖြူ၊ ရမ်းဗြဲ ၊ သံတွဲ၊ ဂွ၊ ကျိန်တလီ၊ တောင်ကုတ်စသည့်မြို့နယ်များနှင့် နီးစပ်ရာကျေးရွာများတွင် မြို့ပေါ်နှင့် ကျေးလက်လူထု ဆန္ဒသဘောထားအားကောက်ယူပွဲအား ကျင်းပကာ ဆန္ဒကောက်ယူခဲ့သည်။ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် လည်း အဖွဲ့ဝင် (၁၀)ယောက်ပါသော အဖွဲ့သည် ပေါက်တောနှင့် မြေပုံမြို့နယ်တို့တွင် ကျေးလက်လူထု သဘောထား ကောက်ခံပွဲများကို ပြုလုပ်ခဲ့ပါသည်။ ယခုစစ်တမ်းကောက်ယူရာတွင် Quantative သုနေသန၏ သတင်းအချက်အလက်ကောက်ယူသည့် နည်းလမ်းများကို သုံး၍လေ့လာခဲ့ပါသည်။ အသုံးပြုခဲ့သောနည်းလမ်းများမှာအောက်ပါအတိုင်းဖြစ်ပါသည်။

(၁) လေ့လာမှုမစတင်မီ ရေချိုငါးလုပ်ငန်းတတိယဥပဒေမူကြမ်းအား အခန်းလိုက်ပုံပြရှင်းလင်းခြင်း

(၂) ဦးတည်အုပ်စုအလိုက် မေးခွန်းများမေး၍လေ့လာခြင်း
(ဥပဒေ၏အခန်းကဏ္ဍများအလိုက်မေးခွန်း များမေးခြင်း)

(၃) တစ်ဦးချင်း၏ အမြင်များအား မေးမြန်းခြင်း
(ထပ်မံဖြည့်စွက်စရာများအားဖြည့်သွင်းခြင်း)

# နောက်ဆက်တွဲ(၂)

## ကျေးလက်လူထုသဘောထားကောက်ခံရေးလုပ်ငန်းစဉ်၏ နောက်ခံသမိုင်း

လေ့လာမှုပြုလုပ်ရန်အတွက် အဖွဲ့အစည်းပေါင်းစုံပါဝင်သော အလုပ်ရုံဆွေးနွေးပွဲတခုကို၂၀၁၄ ခုနှစ် မေ (၈) ရက်နေ့ မှစတင်၍ စစ်တွေမြို့ River Valley တွင် အကြိုအလုပ်ရုံဆွေးနွေးပွဲ တစ်ရပ်စတင်လုပ်ဆောင်ခဲ့သည်။ ပထမအကြိမ် အလုပ်ရုံဆွေးနွေးပွဲကို ၉ ရက်၊ ၁၀ ရက်နေ့များတွင် အလုပ်ရုံဆွေးနွေးပွဲကို ရခိုင်ပြည်နယ် လွှတ်တော်တွင် ကျင်းပခဲ့သည်။ ထိုဆွေးနွေးပွဲများတွင် ရှေ့ဆက် လုပ်ဆောင်မည့် သဘောထားကောက်ခံရေး လုပ်ငန်းစဉ်များနှင့် ပါတ်သက်သော နည်းဗျူဟာများ ချမှတ်ရန် ဆွေးနွေးခဲ့ကြသည်။

ဇွန်လ (၆) ရက်နေ့တွင် လေ့လာမှုတွင်ပါဝင်သော အဖွဲ့ပေါင်းစုံဒုတိယအကြိမ်အဖြစ်တွေ့ဆုံကာလေ့လာမှုလုပ်ငန်းစဉ်နှင့်ပတ်သက်သော အကြောင်းအရာများအားသင်တန်းပို့ချခဲ့သည်။ ဇွန်လ(၇) ရက်နေ့တွင် စစ်တွေ မြို့နယ် အမြင့်ကျွန်းကျေးရွာတွင် ကျေးလက်လူထုသဘောထားကောက်ခံရေးလုပ်ငန်းစဉ်ကို စမ်းသပ်ပြုလုပ်ခဲ့ပြီး ညနေပိုင်းတွင် ၄င်းစမ်းသပ်လေ့လာမှုအပေါ် လိုအပ်ချက်များကိုပြန်လည်ဝေဖန်သုံးသပ်ခဲ့ကြသည်။

ဇွန်လ (၁၁) ရက်နေ့တွင် တတိယအကြိမ်လေ့လာမှုတွင်ပါဝင်မည့်အဖွဲ့များထပ်မံတွေ့ဆုံကာ ယခင် စမ်းသပ်ပြုလုပ်ခဲ့ပြီးသည်များအပေါ် အားနည်းချက်အားသာချက်များကိုပြန်လည်ပြုပြင်ပြီး လူထုသဘောထား ကောက်ခံရေးခရီးစဉ်ရေးဆွဲခဲ့သည်။ ဇွန်လ (၁၂) ရက်နေ့မှနေစ၍ စစ်တွေမြို့မှ ခရီးစဉ်စတင်ထွက်ခွာခဲ့ပြီး အဖွဲ့(၁) မှ ဇွန်လ (၂၂) ရက်နေ့နှင့် အဖွဲ့(၂)မှ ဇွန်လ(၁၇)ရက်နေ့တို့တွင် ခရီးစဉ်ပြီးဆုံးခဲ့ပါသည်။

ဇူလိုင်(၂၂)နှင့် (၂၄) ရက်များတွင် မောင်တောခရိုင်ရှိ ဘူးသီးတောင်နှင့် မောင်တောမြို့များတွင်လည်း မောင်တောခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ဦးဆောင်ပြီး ရေချိုငါးလုပ်ငန်းဥပဒေမူကြမ်းအပေါ် ကျေးလက်လူထုသဘောထားကောက်ခံခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။





# နောက်ဆက်တွဲ(၃)

## လေ့လာခဲ့သောနေရာနှင့်ဦးတည်အုပ်စုများ

### ကျေးရွာအဆင့်ပြုလုပ်ခဲ့သောဆွေးနွေးပွဲနှင့်တက်ရောက်ခဲ့သူများစာရင်း

| စဉ် | မြို့နယ် | ကျေးရွာ | နေရာ | ကျေးရွာအရေအတွက် | တက်ရောက်သူဦးရေ | အုပ်စုဆွေးနွေးပွဲပေါင်း | အုပ်စုဆွေးနွေးပွဲတက်ရောက်သူဦးရေ | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | | | ကျား | မ | စုစုပေါင်း |
| ၁ | ကျောက်ဖြူ | ဇင်ချောင်း | ဘုန်းကြီးကျောင်းမှော်ရုံ | ၃ | ၉၈ | ၄ | ၇၁ | ၃ | ၇၄ |
| ၂ | ရမ်းဗြဲ | ရမ်းဗြဲ | စာသင်ကျောင်း | ၃ | ၅၂ | ၄ | ၂၃ | ၆ | ၂၉ |
| ၃ | သံတွဲ | ကိုဗ္ဗော | ရေလုပ်သားသင်းဖွဲ့ရုံး | ၁ | ၄၂ | ၄ | ၂၈ | ၀ | ၂၈ |
| ၄ | ဂွ | ဂွ | မြို့နယ်အုပ်ချုပ်ရေးမှုးရုံး | ၅ | ၆၆ | ၃ | ၂၅ | ၀ | ၂၅ |
| ၅ | ဂွ | ကြိမ်နွှလီမြို့နယ်ခွဲ | မြို့နယ်ခွဲထွေအုပ်ရုံး | ၃ | ၂၅ | ၃ | ၁၈ | ၃ | ၂၁ |
| ၆ | တောင်ဂုတ် | တောင်ဂုတ် | မြို့နယ်ထွေအုပ်ရုံး | ၂ | | ၃ | ၃၅ | ၂ | ၃၇ |
| ၇ | မြေပုံ | ငွေတွင်းဘူးကျေးရွာ | ဘုန်းကြီးကျောင်းမှော်ရုံ | ၁၀ | ၈၀ | ၄ | ၆၀ | ၀ | ၆၀ |
| ၈ | ပေါက်တော | ပေါက်တော | ဘုန်းကြီးကျောင်းမှော်ရုံ | ၁ | ၁၁၀ | ၄ | ၃၅ | ၂ | ၃၇ |
| ၉ | ပေါက်တော | ငရဇချိုင် | ကျေးရွာစာသင်ကျောင်း | ၆ | ၁၆၆ | ၃ | ၆၇ | ၁၉ | ၈၆ |
| ၁၀ | မောင်တောခရိုင် | မောင်တော | ခရိုင်ငါးလုပ်ငန်းဦးစီးရုံး | ၁၁ | ၅၈ | ၄ | ၅၄ | ၄ | ၅၈ |
| ၁၁ | မောင်တောခရိုင် | ဘူးသီးတောင်မြို့နယ် | မြို့နယ်ငါးလုပ်ငန်းဦးစီးရုံး | ၉ | ၅၇ | ၄ | ၅၂ | ၅ | ၅၇ |
| စုစုပေါင်း | | | | ၅၄ | ၇၅၄ | ၄၀ | ၄၆၈ | ၄၃ | ၅၁၂ |

| စဉ် | မြို့နယ် | မြို့နယ်အဆင့်တက်ရောက်သူများ | | |
|---|---|---|---|---|
| | | ကျား | မ | စုစုပေါင်း |
| ၁ | ကျောက်ဖြူ | | | |
| ၂ | ရမ်းဗြဲ | ၆ | - | ၆ |
| ၃ | သံတွဲ | ၁၅ | | ၁၅ |
| ၄ | ဂွ | ၅ | ၄ | ၉ |
| ၅ | ကျိန္တလီ | | | |
| ၆ | တောင်ကုတ် | | | |
| ၇ | မြေပုံ | - | - | - |
| ၈ | ပေါက်တော | | | |
| ၉ | ဘူးသီးတောင် | ၁၃ | ၅ | ၁၈ |
| ၁၀ | မောင်တော | ၁၈ | ၄ | ၂၂ |

# နောက်ဆက်တွဲ(၄)

## လေ့လာမှုပြုလုပ်သည့်ပုံစံ

### (၁) မြို့နယ်တွင် ဆွေးနွေးမည့်လုပ်ငန်းစဉ်များ

- မိတ်ဆက်ခြင်း
- လက်ရှိပြုလုပ်နေသည့်လုပ်ငန်းစဉ်၏နောက်ခံအကြောင်းအရင်းများအားရှင်းလင်းပြောဆိုခြင်း
- လုပ်ငန်းစဉ်၏ရည်ရွယ်ချက်ကိုပြောဆိုခြင်း
- ယခုဆွေးနွေးမည့်လုပ်ငန်းစဉ်များကိုရှင်းပြခြင်း
- ရေချိုငါးလုပ်ငန်းဥပဒေအား ပုံနှင့်တကွရှင်းလင်းခြင်း
- တစ်ဦးခြင်းစီ၏ သဘောထားအမြင်များအားဖြည့်စွက်မည့်ပုံစံများကိုဝေငှခြင်း
- ပုံစံများကို ပြန်လည်စုစည်းမည့်နေ့ရက်အားမှာကြားခြင်း

### (၂) ကျေးရွာအဆင့် သဘောထားကောက်ခံခြင်းလုပ်ငန်းစဉ်

- မိတ်ဆက်ခြင်း
- လက်ရှိပြုလုပ်နေသည့်လုပ်ငန်းစဉ်၏နောက်ခံအကြောင်းအရင်းများအားရှင်းလင်းပြောဆိုခြင်း
- လုပ်ငန်းစဉ်၏ရည်ရွယ်ချက်ကိုပြောဆိုခြင်း
- ယခုဆွေးနွေးမည့်လုပ်ငန်းစဉ်များကိုရှင်းပြခြင်း
- အသက်မွေးဝမ်းကြောင်းတူညီသူများအလိုက်အုပ်စုဖွဲ့ခြင်း
- ရေချိုငါးလုပ်ငန်းဥပဒေအား ပုံနှင့်တကွရှင်းလင်းခြင်း
- မေးခွန်းများကိုမေးမြန်းခြင်း
- တစ်ဦးခြင်းဆီ၏ သဘောထားအမြင်များအားဖြည့်စွက်မည့်ပုံစံများကိုဝေငှခြင်း